# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 May 2023 ၁၁၀၈၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၆

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

**ယနေ့ ဖတ်စရာ**


**မရေရာမသေချာမှုကြားမှ အိမ်ပြန်ချင်ကြသူများအတွက် ...** ဆောင်းပါး စာမျက်နှာ » ၁၄

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ** စာမျက်နှာ » ၁၆

ကြေးမုံ

# နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်မှုအခြေခံဆောင်ရွက်

“တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်ပါကြောင်း” နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် စုစည်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲပူးပေါင်းနေထိုင်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်အောက် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ပြီးနောက် ပြည်နယ်၊ ပြည်မ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုများ များစွာနောက်ကျခဲ့ရသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် အစိုးရများက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ယနေ့အချိန်အထိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မှီတင်းနေထိုင်ကြသည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကဏ္ဍများ များစွာရှိနေသေးသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစွန်အဖျားဒေသများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရသည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အပြန်အလှန်ဆက်စပ်နေသည်။ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသောဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

အဓိကအားဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နည်းပါးနေသည်ကိုတွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့မှု ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ယူနေသည့်ကာလအတွင်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်ကောင်းများရရှိနေပြီဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးနှင့် နယ်စပ်ဒေသများအပါအဝင် တိုင်းရင်းသားဒေသများအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သာမက တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် နယ်စပ်ဒေသအသီးသီး၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုင်းရင်းသားဒေသများအားလုံး၌ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပြင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့သော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအခြေခံပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဆိုလာနှင့် ဆက်စပ်ပစ္စည်း(၆)မျိုးအား အကောက်ခွန်ကင်းလွတ်ခွင့်ပြု

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အကျိုးငှာ ပြည်တွင်းလျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် အောက်ဖော်ပြပါ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှတင်သွင်းမှုအပေါ် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အကောက်ခွန်ကင်းလွတ်ခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့် အချပ်များ PV Module / Solar Module/ PV Panel/ Solar Panel/ Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)

(၂) နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ PV/ Solar (Hybrid/Smart Array) Controller, Charge Controller for PV/Solar

(၃) နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း / ပေါင်းစပ်/ ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ)PV/ Solar Inverter (String/ Hybrid/Battery/ Bidirectional/ Central)

(၄) အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင် တပ်ဆင်ခြင်း)PV / Solar Mounted Structure, PV / Solar Mounted Frames, PV/ Solar Mounted Kits (Roof and Ground Mounted)

(၅) နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင် တပ်ဆင်ခြင်း) PV/ Solar Mounted System (Floating)

(၆) နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး PV/ Solar Controller and Battery Box (PV/ Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တိပိဋကကမ္ဘောဇစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဧရာဝတီ ပရဟိတဟသံာတရွှေကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ်စာသင်တိုက်၊ လမ်းမတော်မြို့နယ်ရှိ ကျောက်ပန်းတောင်းသာမဏေကျော်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်မရောမြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ကျိုက်မရော မေ ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသောလူငယ်များ ဖြစ်လာစေရေးအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကြီးမှူးဖွင့်လှစ်သော( ၃၈) ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို မေ ၆ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့ ရသေ့ကျောင်းတိုက်၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ငပြေမကျောင်းတိုက်ဆရာတော် ဦးဇယထံမှ ဆုံးမဩဝါဒနှင့် ငါးပါးသီလခံယူပြီး YMBA ကျိုက်မရောအသင်းမှ ဥက္ကဋ္ဌ ဦးအေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၆ ရက်မှ စတင်ကာ ဒီဇင်ဘာလကုန်အထိ ခုနစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကျောင်းပိတ်ရက်ကာလ၌ အပတ်စဉ်တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ၊ ဝါတွင်းကာလတွင် အဖိတ်နေ့တိုင်း သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ကြပြီး သင်တန်းနည်းပြ ငါးဦးတို့က ဗုဒ္ဓစာပေကျမ်းဂန်လာ ယဉ်ကျေးမှုအဆုံးအမများ၊ ယဉ်ကျေးလိမ္မာစွာ နေထိုင်ပြောဆိုတတ်စေရန် အခြေခံဗုဒ္ဓစာပေဆိုင်ရာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယခုကတည်းကပင် စတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် မေ ၆

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် European Centre for Medium-Range Weather Forecasts(ECMWF)၊ Global Forecast System(GFS) Model နှစ်ခုနှင့် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့၏ ကြိုတင်ခန့်မှန်းမှုအရ ဘင်္ဂလားပင်လယ်အော်အတွင်း မေ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲကာ မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စပ်ကြားနယ်မြေ (သို့မဟုတ်) ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းချက်အရ ရုံးပိတ်ရက်ဖြစ်သော်လည်း နိုင်ငံတော်အတွက် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် တာဝန်ရှိကြသည့် မိမိတို့ ပြည်သူ့ဝန်ထမ်းများက အားလပ်ရက် အနားမယူဘဲ ပြည်သူများသဘာဝဘေးအန္တရာယ်မှ အဆုံးအရှုံးအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးအား ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မည့် လမ်းကြောင်းအား ဖြစ်နိုင်ခြေအရ လမ်းကြောင်းနှစ်ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပထမလမ်းကြောင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တို့ကြားမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည့် ခန့်မှန်းလမ်းကြောင်းနှင့် ဒုတိယလမ်းကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်း၍ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ကြားမှ ကုန်းတွင်း မုန်တိုင်းအဖြစ် ဝင်ရောက်မည်ဆိုသည့် လမ်းကြောင်းကိုလည်း ခန့်မှန်းထားပါကြောင်း၊ ယင်းတို့သည် ခန့်မှန်းချက်များဖြစ်ပါကြောင်း၊ အတိအကျအနေဖြင့် လေဖိအားနည်း ရပ်ဝန်းစတင်၍ မုန်တိုင်း ဖြစ်ပေါ်လာမှသာ ဝင်ရောက်မည့် လမ်းကြောင်းကို သိရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ မေ ၁၃ ရက်နှင့် ၁၄ ရက် ခန့်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထားကြပါကြောင်း။

**စတင်ပြင်ဆင်ဆောင်ရွက်**

ထို့ကြောင့် မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ယခုကတည်းကပင် စတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂) ခုနှစ်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာတွင်လည်း ထုတ်ပြန်ထားသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှလည်း ပြုစုပြီးထုတ်ပြန်ထားခြင်းများရှိပါကြောင်း၊ အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် တည်မြဲအမိန့်၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

**ပြင်ဆင်မှုမဖြစ်မနေ ဆောင်ရွက်**

အကယ်၍ မုန်တိုင်းသည် တခြားနေရာများသို့လမ်းကြောင်းပြောင်း၍ ဝင်ရောက်သွားပါကလည်း မိမိတို့အတွက် ယခုလို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ဆောင်ရွက်ပြီး အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် ယနေ့ အရေးပေါ်အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းဟူ၍ ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းတွင် စီမံချက်များ၊ ညွှန်ကြားချက်များ ရှိပြီးဖြစ်ပါကြောင်း၊ ယင်းတို့ကို ယခုမှစတင်၍ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအနက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် ထိခိုက်ဆုံးရှုံးမှုများပြားသည့် မုန်တိုင်းကြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အရေးပေါ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အချက်အလက်များကို ပြုစုထားပြီးလည်းဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရသည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်ပြည့်စုံစုံဖြစ်စေရန် ကြိုတင်စုံစမ်းဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့် အခါတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသာမက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်သင့်သည့် လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အလားတူ ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများအလိုက် ယခုကတည်းကပင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အဆိုပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့် (၂၀၂၂ ခုနှစ်)ပါအတိုင်း အမျိုးသားအဆင့် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်းလေးခန်းပါလုပ်ငန်းကော်မတီ(၁၂)ရပ်မှ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့် လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း(၅)ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများက ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အခန်း(၆)ပါ တပ်မတော်ပိုင်းဆိုင်ရာပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကိုလည်း (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများက လုပ်ငန်းတာဝန်အသေးစိတ်အလိုက် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့် လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့် ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များ ပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့်

စာမျက်နှာ ၄ သို့

- **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂) ခုနှစ်ကို ထုတ်ပြန်ထားပြီးဖြစ်**
- **တပ်မတော်ပိုင်းဆိုင်ရာတွင်လည်း ထုတ်ပြန်ထားသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှလည်း ပြုစုပြီးထုတ်ပြန်ထားခြင်းများရှိ**
- **အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် တည်မြဲအမိန့်၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားပြီးဖြစ်မည်ဟု ယုံကြည်**

☆ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းနှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားမှူးက ရွှေကြိုမောင်မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား ကျင်းပမည့် လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိကြရာ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းတို့က အကယ်ဒမီရွှေစင်ရုပ်တုကို ဒစ်ဂျစ်တယ် စက်ခလုတ်ခုံပေါ်တွင် စိုက်ထူ၍ ဖွင့်လှစ်ပေးကြပြီး Digital Mapping စနစ်ဖြင့် ပုံဖော်ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် **"ရာပြည့်မှသည် ရှေ့သို့ချီ"** မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုလိုမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသည့် အချိန်အခါသမယတွင် ကိုဗစ်-၁၉ ရောဂါကြောင့် မကျင်းပနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကြီးကို နေပြည်တော်တွင် ယခုလို ခမ်းခမ်းနားနား ကျင်းပပြုလုပ်ပြီး ထူးချွန်အနုပညာရှင်ကြီးများကို တွေ့ဆုံဂုဏ်ပြုခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက စတင်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီး ယခုဆိုရင် (၁၀၃)နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ရုပ်ရှင်ဆိုသည်မှာ ခံစားမှုနှင့် နည်းပညာ ပေါင်းစပ်ထားသော ဆန်းကြယ်သည့် ဖန်တီးမှုအနုပညာရပ်အဖြစ် အားလုံးက နားလည် လက်ခံထားကြပါကြောင်း၊ တစ်နည်းအားဖြင့် ရုပ်ရှင်အတတ်ပညာသည် လူမှုဘဝကို အသိပေးနှိုးဆော်နိုင်သည့် အတတ်ပညာ၊ လူများ၏စိတ်နှလုံးကို ညွတ်ပျောင်းနှိုးဆွပြီး အသိပညာနှင့် ရသခံစားမှုကို ပေးနိုင်သည့် အတတ်ပညာဟု တင်စားပြောဆို ခဲ့ကြပါကြောင်း။

ထို့ပြင် ရုပ်ရှင်အနုပညာသည် စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံနှင့် ရုပ်ရှင်ဆိုသည့် သုခုမပညာ(၇)ရပ်ကို စုပေါင်းထားသော အနုပညာရပ်ဖြစ်သည်ကို အားလုံးသိရှိကြပါကြောင်း၊ မိမိတို့၏ မြန်မာ့ရုပ်ရှင်သည် နှစ်(၁၀၀)ကျော် နိုင်ငံ့အကျိုးပြု သမိုင်းမှတ်တမ်းများဖြင့် လှုပ်ရှားသက်ဝင်မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်သည့် အတွက် မိမိတို့အားလုံးက အလေးအနက်ဂုဏ်ပြုမှတ်တမ်းတင်ကြရမည် ဖြစ်ကြောင်း။

**အနုပညာဖြင့် ထင်ဟပ်ဖော်ပြ**

မြန်မာ့ရုပ်ရှင်သည် ကိုလိုနီခေတ်ကစပြီး ငွေရတု၊ ရွှေရတု၊ စိန်ရတုနှင့် ရာပြည့်ခေတ်ထိတိုင်အောင် ခေတ်စနစ်အမျိုးမျိုးကြားတွင် ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကိုသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ တင်ဆက်နိုင်ခဲ့သည့်အတွက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့ကြသည်ဟုလည်း ပြောကြားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများထဲတွင် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မှု ရှိခြင်းသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဟုဆိုလိုက်သည့်အခါ လူသားများကိုယ်တိုင် ဖန်တီးရယူထားသည့် အနုပညာအစိတ်အပိုင်းတစ်ခုဖြစ်သည့် ရုပ်ရှင်အနုပညာရပ်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ရုပ်ရှင်အနုပညာဖွံ့ဖြိုးတိုးတက်မှုသည် အင်အားတစ်ရပ်ဟုဆိုပါက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များ အားလုံး၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသည်ကို တွေးဆဆင်ခြင်နိုင်ကြမည် ဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံတော်အစိုးရ၏ လူမှုရေးဦးတည်ချက်(၄)ရပ်ထဲတွင် **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး"** ဆိုသည့်အချက်ကို ထည့်သွင်းဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် မည်မျှအလေးအနက်ထားဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဦးတည်ချက်အောင်မြင်ရန်အတွက် ရုပ်ရှင်အနုပညာသမားများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသည်ဟု ပြောကြားလိုပါကြောင်း။

အနုပညာတစ်ရပ်က ပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့် အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါ အရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိပါကြောင်း၊ တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် **"တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး"** ဆိုသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်များသည် ယနေ့နိုင်ငံတော်နှင့် ပြည်သူများ၏ ပကတိအခြေအနေအရ အလိုအပ်ဆုံးနှင့် အဖြစ်သင့်၊ အဖြစ်ထိုက်ဆုံး ရည်မှန်းချက်များပင် ဖြစ်ပါကြောင်း။

**ပြည်သူအများစု၏ အကျိုးကိုရှေးရှု**

နိုင်ငံတော်အစိုးရက ရည်မှန်းအကောင်အထည်ဖော်နေသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်သည် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများအတွက် အလိုအပ်ဆုံး၊ လက်တွေ့အကျဆုံးသော အရာများဖြစ်ပါကြောင်း၊ ပြည်သူထဲက ပြည်သူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်များအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝများ အနုပညာလုပ်ငန်းများကို ရုန်းကန်လှုပ်လှမ်းချီတက်နေကြသူများပီပီ အနာဂတ်နိုင်ငံတော်နှင့် ပြည်သူအများစု၏ အကျိုးကိုရှေးရှုပြီး အတွေးအခေါ်မှန်မှန်၊ အသိအမြင်မှန်မှန်၊ စိတ်ကောင်း စေတနာများဖြင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ် အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

✪ စာမျက်နှာ ၃ မှ

တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ အတွေ့အကြုံအရ ဌာနအလိုက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ဒေါက်တာသက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်လာပါက တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော ဆိုင်ကလုန်းမုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေများ၊ မုန်တိုင်းနှင့်ပတ်သက်သည့် သတိပေးချက်များအား နိုင်ငံပိုင်မီဒီယာများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်ခဲ့ပါက အရေးပေါ် ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားမှု၊ ဘေးကင်းခိုလှုံရာ အဆောက်အအုံများ တည်ဆောက်ထားမှု၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ နေရာဒေသမရွေး ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ် အရေးပေါ် ရင်ဆိုင်တုံ့ပြန်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြပြီး ကော်မတီ၏ အတည်ပြုချက်ရယူသည်။

ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ(Disaster Management Committee)ကို မေ ၈ ရက်မှ စတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃)၌ ဖွင့်လှစ်၍ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၁၉) ရရှိသူ မြင့်မြတ်အား အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၂၀) ရရှိသူ စိုင်းစိုင်းခမ်းလှိုင်အား အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၂၂) ရရှိသူ ပြေတီဦးအား အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။





၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းတို့က အကယ်ဒမီရွှေစင်ရုပ်တုကို ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် စိုက်ထူဖွင့်လှစ်ပေးကြစဉ်။

☆ စာမျက်နှာ ၄ မှ

အနုပညာဆိုသည်မှာ ထာဝရနုပျိုလျက်ရှိပါကြောင်း၊ အထူးသဖြင့် ရုပ်ရှင်အနုပညာဆိုသည်မှာ စုပေါင်းညီညွတ်မှုအားဖြင့် ဖန်တီးမှသာ ရသပေါင်းစုံ ပေါ်ထွက်လာသည့် ပညာရပ်လည်းဖြစ်ပါကြောင်း၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ စသည့်အနုပညာများထက် ရုပ်ရှင်အနုပညာသည် ထုတ်လုပ်သူ၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရန်၊ ဓာတ်ပုံ၊ အသံ၊ ဂီတ၊ တည်းဖြတ် အပါအဝင် ကင်မရာသမား၊ မီးထိုးသမား၊ ရှုတင်မန်နေဂျာနှင့် သယ်ယူပို့ဆောင်ရေး အဆုံး စုပေါင်းညီညွတ်စွာ ရုပ်ရှင်အနုပညာကို ဖန်တီးမှသာ ရလဒ်အနေဖြင့် တဒင်္ဂကြည့်ရှုကြရသည့် ရုပ်ရှင်ချစ်ပရိသတ်များ၏ ရင်ထဲသို့ ပျော်ရွှင်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ကြောက်ရွံ့ထိတ်လန့်မှု၊ ဒေါသ၊ လောဘ၊ မောဟ၊ စိုးရိမ်ပူပန်မှု စသည့် ရသစုံပေးစွမ်းခံစားစေနိုင်ခြင်း ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ်လေ့လာ**

ထိုသို့ ဖန်တီးပေးနိုင်စွမ်းရှိရန်အတွက်လည်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အနုပညာရပ်ဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာပြီး အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်အနုပညာရပ်များကို ဖန်တီးနိုင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ဖန်တီးရင်း တစ်ဖက်ကလည်း မိမိတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဖန်တီးရင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များဘဝနှင့် နေ့စဉ်လူမှုစီးပွားဘဝ ရှန်းကန်ရာတွင်လည်း မိမိတို့ကို ချစ်ခင်လေးစား တန်ဖိုးထားကြသည့် ရုပ်ရှင်ချစ်ပရိသတ်အများစုတို့အပေါ် တုံ့ပြန်တန်ဖိုးထားလေးစားလျက် ရုပ်ရှင်အနုပညာရပ်တစ်ခုတည်း အပေါ်တွင်သာ အာရုံစူးစိုက်ပြီး ဘဝနှင့်ရင်း၍ မြှုပ်နှံဆောင်ရွက်ခဲ့ရသည့် မိမိချစ်ခင်နှစ်သက် မြတ်နိုးတန်ဖိုးထားသည့် ရုပ်ရှင်အနုပညာလုပ်ငန်းများကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ထာဝရရှင်သန်ဆောင်ရွက်နိုင်ကြပါစေဟုလည်း ဆန္ဒပြုအပ်ပါကြောင်း။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို မကြာခင်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၉၇ ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၂၁ ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၂၀ ထဲက ချီးမြှင့်သင့် ချီးမြှင့်ထိုက်သည့် ထူးချွန်ဆုများကို ချီးမြှင့်ပေးမည် ဖြစ်ပါကြောင်း။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားစဉ်။

ယခုလို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် မြန်မာ့ရုပ်ရှင်လောကသားများ၏ စုစည်းမှုနှင့် စည်းလုံးညီညွတ်မှုစွမ်းအားကို ပြသနိုင်ခြင်းဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းခဲ့ရသည့် မြန်မာ့ရုပ်ရှင်လောကစင်မြင့်ကြီးပေါ် ပြန်လည်ရောက်ရှိလာပြီဟု ဆိုရမည်ပင်ဖြစ်ပါကြောင်း။

တစ်နည်းပြောရပါက ရုပ်ရှင်လောကကြီး ပြန်လည်သက်ဝင်လှုပ်ရှားရန် အချိန်အခါကျရောက်လာပြီဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့်ထူးချွန်ဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက် သာမက ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာလောကသားများအားလုံးအတွက်ပါ ပြန်လည်သက်ဝင်လှုပ်ရှားလာသည့်ပွဲလည်း ဖြစ်ပါကြောင်း၊ အနုပညာရှင် လောကသားများအားလုံးနှင့် ဆက်နွှယ်နေသည့် ပွဲဟုဆိုလျှင်လည်း မမှားပါကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေ အဖွဲ့အစည်းအားလုံးသည် ယခုပွဲကြီးပြီးသွားပါက အနုပညာနယ်ပယ်အသီးသီးတွင် ယခင်ကလို အရှိန်အဟုန်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားနိုင်ကြမည်ဟုလည်း ယုံကြည်ခံစားမိပါကြောင်း။

**(၆၄)ကြိမ်မြောက်**

မြန်မာ့ရုပ်ရှင်သည် ရုပ်ရှင်ခေတ်ဦးမှ ၂၀၂၂ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၄၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စုစုပေါင်း (၆၃)ကြိမ် ကျင်းပချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့်ပွဲသည် (၆၄)ကြိမ်မြောက်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် သုံးနှစ်စာ တစ်ပေါင်းတည်း ကျင်းပသည့်ပွဲလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သော (၆၃) ကြိမ်အထိ ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ထူးချွန်ဆုပေါင်း ၄၂၃ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်တွင်လည်း ရုပ်ရှင်လောကနှင့် ပတ်သက်၍ တစ်သက်တာလုံး မြှုပ်နှံပြီး နှစ်ပေါင်းများစွာ အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုခဲ့သူများကို ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုအဖြစ် သရုပ်ဆောင် အနုပညာရှင်ကြီးနှစ်ဦးကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ယနေ့အထိ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုငါးဦး အပါအဝင် ထူးချွန်ဆုပေါင်း ၄၂၅ ဆုကို ချီးမြှင့်ခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိတို့၏ မြန်မာ့ရုပ်ရှင်ဖြတ်သန်းခဲ့သည့် ခေတ်ကာလသမိုင်းပုံရိပ်များကို ကြည့်မည်ဆိုပါက (၁၉၂၀-၁၉၄၅) ငွေရတုကာလ၊ (၁၉၄၆-၁၉၇၀) ရွှေရတုကာလ၊ (၁၉၇၁-၁၉၉၅)စိန်ရတုကာလ၊ မြန်မာ့ရုပ်ရှင်ရာပြည့်ကာလနှင့် ယနေ့ရာပြည့်အလွန်ကာလများကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်၏ ငွေရတုကာလ (၁၉၂၀-၁၉၄၅)သည် မြန်မာ့ရုပ်ရှင်သမိုင်း၏ ခေတ်ဦးကာလ ဖြစ်သကဲ့သို့ တိုင်းတစ်ပါး လက်အောက်ခံကိုလိုနီနိုင်ငံဘဝတွင်သာ ရှိခဲ့သည့်အတွက် မြန်မာတစ်မျိုးသားလုံးက အမျိုးသားရေးစိတ်၊ သူ့ကျွန်မခံလိုသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုကို အန်တုလိုသည့်မာန်၊ တုံ့ပြန်တွန်းလှန်လိုသည့်သတ္တိ စသည်တို့ကို မိမိတို့လက်ဝယ်တွင်ရှိသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာစွမ်းပကားများနှင့် အဘက်ဘက်က စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်နေသည့် အချိန်ကာလပင်ဖြစ်ပါကြောင်း။

ထိုသို့ နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာကို ပိုင်စိုးသည့် နိုင်ငံဘဝကို ပြန်လည်ရရှိရေး၊ တစ်မျိုးသားလုံးလွတ်မြောက်ရေး အတွက်နှင့် တက်ကြွရဲဝံ့စွာ စွန့်လွှတ်စွန့်စားလိုသည့် ပြည်သူများ၏ စွမ်းပကားကို တွန်းအားပေးခဲ့သည့် မြန်မာ့ရုပ်ရှင်ငွေရတုကာလသည် မြန်မာ့ရုပ်ရှင် သမိုင်းတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်သည့် အချိန်များပင်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။ **စာမျက်နှာ ၆ သို့** ☆



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၁၉)ကို အာကာတိုး လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၂၀)ကို ဖြိုးကျော် လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်တေးဂီတဆု (၂၀၂၀)ကို အောင်ကိုလတ် လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်တေးဂီတဆု (၂၀၁၉)ကို ကျော်ကျော်ထွန်း လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်အသံဆု (၂၀၁၉)ကို ကြည်မင်းသိန်း လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု (၂၀၁၉)ကို ဂျီသရီးနှင့် ကျော်ခိုင်စိုးတို့ လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု (၂၀၂၂)ကို ကြည်သာ လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (၂၀၁၉)ကို မောင်မြတ်ဆွေ လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု (၂၀၂၀)ကို စိုင်းစိုင်းခမ်းလှိုင် လက်ခံရယူစဉ်။



အကောင်းဆုံးဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆု (၂၀၂၀)ကို ဌေးဌေးတင် လက်ခံရယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု (၂၀၂၀)ကို ဒါရိုက်တာ မီးပွား လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၁၉)ကို ခင်ဝင့်ဝါ လက်ခံရယူစဉ်။

☆ **စာမျက်နှာ ၅ မှ**

အလားတူပင် မြန်မာ့ရုပ်ရှင် ရွှေရတုကာလ၊ စိန်ရတုကာလနှင့် ရာပြည့်နှစ် ကာလများထိတိုင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားများသည် မိမိတို့၏ အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးပြုခဲ့ကြသကဲ့သို့ အနုပညာရသအစုံဖြင့် ပြည်သူများ၏ စိတ်နှလုံးကို ရွှင်ပြုံးအပန်းပြေစေခဲ့ပါကြောင်း၊ ပြည်သူများကို ဖျော်ဖြေရေးသာမက နိုင်ငံ၏ယဉ်ကျေးမှု၊ ချစ်စဖွယ်မြန်မာ့ဓလေ့နှင့် မြန်မာ့အလှသဘာဝများကို ရိုက်ကူးတင်ပြပေးခဲ့ကြသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုရေးရှုပြီး ပြည်သူလူထုကို စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများတွင်လည်း ခေတ်အဆက်ဆက်ကနေ ယနေ့ထိတိုင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထိုသို့ ရုပ်ရှင်အနုပညာရှင်များသည် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ် ထွန်းကားရေး၊ ပြည်သူများ၏ အသိအမြင် ပညာတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ဦးတည်ရိုက်ကူးခဲ့ကြသကဲ့သို့ ခေတ်ကာလအလိုက် နိုင်ငံတော်၏ဦးတည်ချက်များကို ပေါ်လွင်ပြောင်မြောက်အောင် ရှုထောင့်အမျိုးမျိုးက ကြည့်မြင်ပြီး ပြည်သူကို အများဆုံးအကျိုးပြုနိုင်မည့် အသိပညာပေးနိုင်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်၊ အမူအရာ ဖန်တီးချက်များဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသူများလည်း ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများပြသမှု ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်ထုတ်လုပ်သူများက ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းကမ်းချက်များနှင့် အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကလို ပုံမှန်အခြေအနေကိုမရောက်သေးသော်လည်း ပြသမှု၊ ပရိသတ်ကြည့်ရှုမှုများသည် **စာမျက်နှာ ၇ သို့** ☆



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု (၂၀၁၉)ရရှိသည့် ရွှေထူးအား အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု (၂၀၂၀)ရရှိသည့် အုန်းသီးအား အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၂၀)ကို မေသဥ္ဇာဦး လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၁၉)ကို အိန္ဒြာကျော်ဇင် လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၂၀)ကို စိုးပြည့်သဇင် လက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၂၂)ကို ရွှေမှုံရတီ လက်ခံရယူစဉ်။

☆ စာမျက်နှာ ၆ မှ

တိုးတက်နေသည်ကို သိရ၍ ဝမ်းသာမိပါကြောင်း။

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရုပ်ရှင်အနုပညာလောကကို ဦးဆောင်နေကြသည့် အနုပညာရှင်ကြီးများနှင့်အတူ အနုပညာမောင်နှမများနှင့် ရုပ်ရှင်ချစ်ပရိသတ်များအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် မြင်တွေ့ကြရသည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်အနုပညာရှင်တို့၏ စုစည်းအားနှင့် အေးချမ်းပျော်ရွှင်သည့် ခံစားမှုရသများကို ဝေမျှပေးနိုင်သည့်ပွဲဟု ခံစားမိပါကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်စံချိန်စံညွှန်းများနှင့်အညီ စိစစ်ရွေးချယ်ပြီး ယနေ့ညတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည့်အတွက် ဇာတ်ကားအသီးသီးတွင်၊ ကျရာအနုပညာကဏ္ဍအသီးသီးတွင် ပါဝင်စွမ်းဆောင်ထားကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်ချစ်သူပရိသတ်များအားလုံး ရင်ခုန်နေကြမည်ဟု ထင်မိပါကြောင်း။

ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် ထူးခြားမှုတစ်ခုအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုများသာမက နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားများတွင် ချီးမြှင့်လေ့ရှိသည့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ချီးမြှင့်ရခြင်းသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို တက်ရောက်လာသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် ထည့်သွင်းစီစဉ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့သော တစ်မူထူးခြားမှုများဖြင့် တင်ဆက်သွားမည်ဖြစ်သည့်အတွက် အနုပညာရှင်များနှင့် ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ချစ်ပရိသတ်များ၏ဆန္ဒနှင့် ထပ်တူညီလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

ယခုနှစ်တွင် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများ ဆက်လက်အောင်မြင်တိုးတက်စေရန်အတွက် အားအင်များ ပိုမိုရရှိပြီး မိမိအနုပညာအလုပ်များကို ပိုမိုအားထုတ် ကြိုးပမ်းသွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်၊ တရားဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံသားကောင်းစိတ်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာ တိုးတက်စေလိုသည့် စိတ်ကောင်းစေတနာများဖြင့် **“ရုပ်ရှင်သည် ပြည်သူ့အတွက်”** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆက်လက် ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏အနုပညာစွမ်းပကားကို ဆက်လက်မြှင့်တင် ကြိုးပမ်းရင်း ထူးချွန်ဆုများ ဆွတ်ခူးနိုင်ကြပါစေဟု အားပေးတိုက်တွန်းပြောကြားလိုပါကြောင်း။

**လေးစားတန်ဖိုးထား**

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရုပ်ရှင်အနုပညာ အပါအဝင် စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပုစသည့် မီဒီယာကဏ္ဍကို လေးစားတန်ဖိုးထားပါကြောင်း၊ အနာဂတ်မိမိတို့၏ သုခုမအနုပညာများနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးရွက်ဆောင်ပေးနိုင်သည့် အင်အားစုကြီး တစ်ခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ် ကာလအတွင်းတွင် အနုပညာသမားများ၊ မီဒီယာသမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက် ပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း ပံ့ပိုးအားပေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များ အပါအဝင် မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်သည် ဖြတ်သန်းခဲ့သည့် သမိုင်းအစဉ်အလာကောင်းများ အတိုင်း နိုင်ငံနှင့်လူမျိုး၊ ပြည်သူလူထုကို အကျိုးပြု ပေးနိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း၊ ယခုလို နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို ခမ်းခမ်းနားနား ကျင်းပဂုဏ်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် အခမ်းအနားကြီး အောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးကို ဂုဏ်ပြုပါကြောင်းနှင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်တင်ဆက်သည့်အကယ်ဒမီပဏာမ တီးလုံးပြကွက်ဖြင့် ဖျော်ဖြေကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို အနုပညာရှင်ကြီးများက တစ်ဦးချင်း ဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများဖြစ်သည့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၁၉)ကို “ဒဏ္ဍာရီမိုး” ဇာတ်ကားဖြင့် အာကာတိုး၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၂၀) ကို “ပိတောက်ကတဲ့ဂီတ” ဇာတ်ကားဖြင့် ဖြိုးကျော်တို့က ရရှိကြသည်။

အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု (၂၀၁၉) ကို “နို့ဘီလူး” ဇာတ်ကားဖြင့် ကျော်ကျော်ထွန်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု (၂၀၂၀) ကို “ဂန္ဓဗ္ဗ” ဇာတ်ကားဖြင့် အောင်ကိုလတ်တို့က ရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်အသံဆု (၂၀၁၉) ကို “၁၀၁၄” ဇာတ်ကားဖြင့် ကြည်မင်းသိန်းက ရရှိသည်။

အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု(၂၀၁၉)ကို “၁၀၁၄”ဇာတ်ကားဖြင့် ဂျီသရီး၊ ကျော်ခိုင်စိုးနှင့် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု(၂၀၂၂)ကို “လိပ်ပြာထောင်ချောက်” ဇာတ်ကားဖြင့် ကြည်သာတို့က ရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (၂၀၁၉) ကို “နိုင်ငံကြီးသား” ဇာတ်ကားဖြင့် မောင်မြတ်ဆွေက ရရှိသည်။

ဆုရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် အထူးအစီအစဉ်တစ်ခုအဖြစ် ယခုနှစ်အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သည့် အကောင်းဆုံး ဝတ်စား ဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards) ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို ရန်အောင်၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို စိုးမြတ်သူဇာ၊ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆုကို အောင်ရဲလင်း၊ အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို မိုးဟေကိုတို့က ရရှိကြပြီး အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်ကြီးများက တစ်ဦးချင်း ဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများဖြစ်သည့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု(၂၀၂၀) ကို “ပိတောက်ကတဲ့ဂီတ” ဇာတ်ကားနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု(၂၀၂၂) ကို “ဝေးမနေချင်ဘူး” ဇာတ်ကားတို့က ရရှိကြသည်။

ရုပ်ရှင်အထူးဆုဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အတွက် အကောင်းဆုံးဝတ်စား ဆင်ယင်ထုံးဖွဲ့မှုဆုကို “ကမ္ဘဖလ” ဇာတ်ကားမှ ဌေးဌေးတင်နှင့်အဖွဲ့က ရရှိသည်။

အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု (၂၀၂၀) ကို “ပိတောက်ကတဲ့ဂီတ” ဇာတ်ကားဖြင့် ဒါရိုက်တာမီးပွားက ရရှိသည်။

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၁၉) ကို "လှပ်၍လွင့်သော" ဇာတ်ကားဖြင့် ခင်ဝင့်ဝါနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၂၀) ကို "ရွှေမင်းသမီး" ဇာတ်ကားဖြင့် မေသဉ္ဇာဦးတို့က ရရှိကြပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု (၂၀၁၉)ကို "ဒဏ္ဍာရီမိုး" ဇာတ်ကားဖြင့် ရွှေထူးနှင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု(၂၀၂၀)ကို "သောင်းတိုက်ကကြားစေသား" ဇာတ်ကားဖြင့် အုန်းသီးတို့က ရရှိကြသည်။

အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၁၉) ကို "ဟစ်တိုင်" ဇာတ်ကားဖြင့် အိန္ဒြာကျော်ဇင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (၂၀၂၀) ကို "ရွှေမင်းသမီး" ဇာတ်ကားဖြင့် စိုးပြည့်သဇင်နှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (၂၀၂၂) ကို "ဝေးမနေချင်ဘူး" ဇာတ်ကားဖြင့် ရွှေမှုံရတီတို့က ရရှိကြသည်။

ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၁၉) ကို "ရိုးမပေါ်ကျတဲ့မျက်ရည်" ဇာတ်ကားဖြင့် မြင့်မြတ်၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု (၂၀၂၀) ကို "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် စိုင်းစိုင်းခမ်းလှိုင်နှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု (၂၀၂၂) ကို "လိပ်ပြာထောင်ချောက်" ဇာတ်ကားဖြင့် ပြေတီဦးတို့ကရရှိကြပြီး ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်နေချိန်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ဇာတ်ကားများကို ရုံတင်ပြသနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ပြီး ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ရုံတင်ပြသခဲ့ရာ နှစ်ကုန်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို ရုံတင်ပြသနိုင်ခဲ့သည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၉၇ ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၁ ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ တို့ကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့က အဆင့်ဆင့်အကဲဖြတ်ပြီး ယင်းဇာတ်ကားများအထဲမှ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်၍ ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ ဇာတ်ကားဆု၊ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆု သုံးမျိုးကိုသာ ချီးမြှင့်ခဲ့ပြီး ဇာတ်ကားဆု ပထမဆုအဖြစ် ရွှေကိန္နရီရုပ်၊ ဒုတိယဆုအဖြစ် ငွေဒေါင်းရုပ်၊ တတိယ ဆုအဖြစ် ကြေးခြင်္သေ့ရုပ်များကို ချီးမြှင့်ခဲ့ကာ အကောင်းဆုံး အမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံး အမျိုးသမီးပညာသည်ဆုတို့ကို ရွှေရင်ထိုးများကိုသာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၇ ခုနှစ် ထူးချွန်ဆုပေးပွဲမှ စတင်ပြီး ဆုပုံသဏ္ဌာန်ကို ပြောင်းလဲ၍ ဆုအားလုံးကို တစ်ပြေးညီ ရွှေကိန္နရီ ရွှေစင်ရုပ်များကို ချီးမြှင့်ခဲ့သည်။

ထူးချွန်ဆု အရေအတွက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အထူးဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုများကို ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ ရှိလာခဲ့ကာ ၁၉၉၄ ခုနှစ်မှစပြီး ရုပ်ရှင်တည်းဖြတ်ဆုကိုပါ ထပ်တိုးချီးမြှင့်ခဲ့သဖြင့် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအထိ အနုပညာရှင်နှင့် အတတ်ပညာရှင်ပေါင်း ၂၀၈ ဦးကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ရာ ထူးချွန်ဆု ၇ ဆုရှင် တစ်ဦး၊ ထူးချွန်ဆု ၆ ဆုရှင် လေးဦး၊ ထူးချွန်ဆု ၅ ဆုရှင် ခုနစ်ဦး၊ ထူးချွန်ဆု ၄ ဆုရှင် ငါးဦး၊ ထူးချွန်ဆု ၃ ဆုရှင် ၂၁ ဦး၊ ထူးချွန်ဆု ၂ ဆုရှင် ၄၂ ဦးနှင့် ထူးချွန်ဆု ၁ ဆုရှင် ၁၂၈ ဦးတို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှစ၍ ရွှေကိန္နရီ ရွှေစင်ရုပ်တွင် တပ်ဆင်ထားသည့် ငွေကြယ်အစား နှစ်ကျပ်သား ရွှေစင်ကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှ စ၍ နှစ်ကျပ်သား ရွှေစင်ကြယ် အစား ငါးကျပ်သား ရွှေစင်ကြယ်သို့ ပြောင်းလဲပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကယ်ဒမီဆုရရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုရရှိသူ ရန်အောင် ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆုရရှိသူ စိုးမြတ်သူဇာ ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု ဆုရရှိသူ အောင်ရဲလင်း ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှု ဆုရရှိသူ မိုးဟေကို ဆုလက်ခံရယူစဉ်။

## ၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | အာကာတိုး | ဒဏ္ဍာရီမိုး |
| ၂။ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | ကျော်ကျော်ထွန်း | နို့ဘီလူး |
| ၃။ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ဂျီသရီး၊ ကျော်ခိုင်စိုး | ၁၀၁၄ |
| ၄။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | မောင်မြတ်ဆွေ | နိုင်ငံကြီးသား |
| ၅။ | အကောင်းဆုံး ရုပ်ရှင်အသံဆု | ကြည်မင်းသိန်း | ၁၀၁၄ |
| ၆။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | ခင်ဝင့်ဝါ | လှပ်၍လွင့်သော |
| ၇။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | ရွှေထူး | ဒဏ္ဍာရီမိုး |
| ၈။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | အိန္ဒြာကျော်ဇင် | ဟစ်တိုင် |
| ၉။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | မြင့်မြတ် | ရိုးမပေါ်ကျတဲ့မျက်ရည် |

## ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ဖြိုးကျော် | ပိတောက်ကတဲ့ဂီတ |
| ၂။ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | အောင်ကိုလတ် | ဂန္ဓဗ္ဗ |
| ၃။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | | ပိတောက်ကတဲ့ဂီတ |
| ၄။ | အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဒါရိုက်တာမီးပွား | ပိတောက်ကတဲ့ဂီတ |
| ၅။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | မေသဉ္ဇာဦး | ရွှေမင်းသမီး |
| ၆။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | အုန်းသီး | သောင်းတိုက်ကကြားစေသား |
| ၇။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | စိုးပြည့်သဇင် | ရွှေမင်းသမီး |
| ၈။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | စိုင်းစိုင်းခမ်းလှိုင် | ပိတောက်ကတဲ့ဂီတ |
| ၉။ | အကောင်းဆုံး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆု | ငွေးငွေးတင်နှင့်အဖွဲ့ | ကမ္ဘဖလ |

## ၂၀၂၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ကြည်သာ | လိပ်ပြာထောင်ချောက် |
| ၂။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | | ဝေးမနေချင်ဘူး |
| ၃။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ရွှေမှုံရတီ | ဝေးမနေချင်ဘူး |
| ၄။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | ပြေတီဦး | လိပ်ပြာထောင်ချောက် |

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ပုံရိပ်များ












# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမသစ်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်






နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သီရိအဏ္ဏဝါခန်းမသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၆**

နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဌာနမြေတွင် အသစ်ဆောက်လုပ်ပြီးစီးသည့် စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာသစ်သို့ ရောက်ရှိပြီး အိမ်ရာဖွင့်ပွဲ အခမ်းအနားမှခ်ဦးနေရာ၌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ ရှစ်ခန်းတွဲ၊ ခြောက်ထပ် အဆောက်အအုံသစ် နှစ်လုံး၊ အရာထမ်း/အမှုထမ်း လူပျိုဆောင် အဆောက်အအုံသစ် နှစ်လုံး၊ ဘက်စုံသုံး ခန်းမဆောင်သစ် (Multi-Function Assembly Hall) အဆောက်အအုံတစ်လုံးနှင့် ဝန်ထမ်းမိသားစု ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီရိအဏ္ဏဝါခန်းမဆောင်သစ်နှင့် အိမ်ရာသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးက သီရိအဏ္ဏဝါခန်းမသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန် မြို့တော်ဝန်၊ ဦးဆောင် ညွှန်ကြားရေးမှူးတို့နှင့်အတူ ခန်းမသစ်ရှိ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် မိခင်ဌာနအနေဖြင့် ဝန်ထမ်းများ၏နေထိုင်မှု အဆင်ပြေစေရေး၊ သက်သာချောင်ချိရေး၊ သွားလာမှု အဆင်ပြေစေရေး၊ ဝန်ထမ်းမိသားစုများ အားလုံး တစုတစည်းတည်း စုပေါင်းနေထိုင်နိုင်စေရေးတို့ အတွက် ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းများဖြင့် ဤသို့သော အဆင့်မြင့်အိမ်ရာများ စီစဉ်ဆောင်ရွက်ထားမှုအတွက် ဝန်ထမ်းများက လည်း မိခင်ဌာနအပေါ်တွင် ဂုဏ်ယူ၊ သစ္စာရှိ၊ သံယောဇဉ်ထားကြပြီး ပေးအပ်သည့် တာဝန်ဝတ္တရားများကို အားသွန်ခွန်စိုက် စေတနာပြည့်ဝစွာဖြင့် ထမ်းဆောင်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး ၃၀ စသည့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်ကြံသွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေ မြောက်မြားစွာ ကုန်ကျခံတည်ဆောက် စီစဉ်ပေးထားခြင်း ဖြစ်သောကြောင့် ဤဝန်ထမ်းအိမ်ရာ တစ်ခုလုံးနှင့် ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင်၊ အစဉ်အမြဲ သန့်ရှင်းသာယာလှပနေအောင်အားလုံးက တက်ညီလက်ညီဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။ ထို့နောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာ၊ ဘက်စုံသုံးသီရိအဏ္ဏဝါခန်းမတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းတင်ပြပြီး တည်ဆောက်ရေး မှတ်တမ်းတင် Video Clip ပြသသည်။

**အိမ်ခန်း ၄၅၆ ခန်း**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်စီစဉ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယနေ့ဖွင့်လှစ်သည့် အဆောက်အအုံများ အပါအဝင် လူနေအဆောက်အအုံ ၁၂ လုံး၊ အိမ်ခန်း ၄၅၆ ခန်း၊ ဘက်စုံသုံးခန်းမ တစ်ခုနှင့် မိသားစုဆေးခန်း တစ်ခန်းတို့ပါရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံသို့ ရောက်ရှိပြီး စက်ခေါင်းရုံအတွင်း၌ West Corporation က ပြုပြင်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်သည့် RBE ရှစ်တွဲအား အသုံးပြုနေမှုနှင့် လွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေသည့် RBE ခုနစ်တွဲတို့အား မွမ်းမံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးစီးရေး၊ တွဲများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ခုတ်မောင်းပြေးဆွဲရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် ရေရှည်အသုံးပြုနိုင်ရေး လိုအပ်သည့် ရထားခရီးစဉ်များတွင် အင်အားဖြည့်တင်းသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ကိစ္စများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမဆောင်တွင် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများကို တွေ့ဆုံ၍ ဘင်္ဂလားပင်လယ်အော်၌ မကြာမီဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်း မုန်တိုင်း၏အခြေအနေ သတင်းများကို မျက်ခြည်မပြတ်စောင့်ကြည့်လျက် ဝန်ထမ်းများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိစေရေး၊ မိမိဌာန၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် ထိခိုက်လာနိုင်ခြေများကို ကြိုတင်သုံးသပ်လျက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရေး၊ လေယာဉ်၊ ရေယာဉ်၊ ရထားခရီးစဉ်များ ပြေးဆွဲမှုကို လိုအပ်သလို ပြင်ဆင် ပြောင်းလဲစီမံနိုင်ရေး၊ လေယာဉ်များကို မုန်တိုင်းလွတ်ကင်းရာ လေယာဉ်ကွင်းနေရာများသို့ ယာယီရွှေ့ပြောင်းရပ်နားနိုင်ရေး၊ ဌာနပိုင်ရေယာဉ်များအား အနီးစပ်ဆုံး ဆိပ်ကမ်းနှင့် သင်္ဘောကျင်းများတွင် အချိန်မီ စနစ်တကျ လွန်းတင်ကမ်းထိုး ရပ်နားထိန်းသိမ်းနိုင်ရေး၊ ရထားစက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲများ လေပြင်းဒဏ်ကြောင့် လိမ့်ထွက်ကာ ရထားမတော်တဆမှုများ မဖြစ်ပေါ်အောင် သတ်မှတ်ထားသည့် ထိန်းသိမ်းမှုနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရေး၊ ဆက်သွယ်ရေး စနစ်များ ပြတ်တောက်မှု ဖြစ်ပေါ်ပါက အမြန်ဆုံး ပြန်လည်ချိတ်ဆက်နိုင်ရန်အတွက် အရန်ဆက်သွယ်ရေး စနစ်များ စီစဉ်ထားရှိရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရပါက ဌာနအချင်းချင်း ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရေး တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ်(Minsk)မြို့ရှိ နိုင်ငံတကာလေ့ကျင့်ရေးအကယ်ဒမီသင်တန်းကျောင်းတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုလေ့လာ



**နေပြည်တော် မေ ၆**

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ရောက်ရှိနေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မင့်စ်ခ်မြို့ရှိ နိုင်ငံတကာ လေ့ကျင့်ရေး အကယ်ဒမီသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး Major General Vasilyev Aleksandr Pavlovich က သင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးမှု တားဆီးရေးဆိုင်ရာများနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးနေမှု၊ နိုင်ငံခြားသားသင်တန်းသားများအတွက် လေ့ကျင့်သင်ကြားပေးသည့် နည်းစနစ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီးနောက် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများကို လိုက်လံရှင်းလင်းပြသ၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**သွားရောက်လေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသော x-Infotech ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ဘယ်လာရုစ်သမ္မတနိုင်ငံ၏ e-Government စနစ်နှင့်ချိတ်ဆက်၍ e-ID စနစ် အကောင်ထည်ဖော် ဆောင်ရွက်နေမှုများတွင် နည်းပညာပိုင်းဆိုင်ရာအရ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် e-ID စနစ်နှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့က တွေ့ဆုံဂါရဝပြု



ရန်ကုန် မေ ၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ခြောက်ပါးတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့က တွေ့ဆုံဂါရဝပြုသည့် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းဆောင် ဘုရားခန်းမ၌ ကျင်းပသည်။

**လျှောက်ထား**

ဂါရဝပြုတွေ့ဆုံပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အော်သိုဒေါ့ ခရစ်ယာန်ဘာသာဝင်များနှင့် မြန်မာ-ရုရှားနှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေး၊ ဘာသာရေးဆိုင်ရာကိစ္စများကို ပူပေါင်းဆောင်ရွက်လိုပါကြောင်း လျှောက်ထားပြီး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့်အဖွဲ့ လာရောက်တွေ့ဆုံသည့်အတွက် အထူးပင် ဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အနေဖြင့်လည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဟု ဆိုအပ်သော ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း မိန့်ကြားတော်မူသည်။

**တက်ရောက်**

ဂါရဝပြုတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ခြောက်ပါး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# စပ်မျိုးနေကြာ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် မျိုးရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ တောင်သူများကိုယ်တိုင် မျိုးရွေးချယ် သဘောထားမှတ်ချက်ပေး



နေပြည်တော် မေ ၆

"စပ်မျိုးနေကြာ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်မျိုးရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲ"ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ စံပြစိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသနေတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၂-၂၀၂၃ မိုးနှင့် ဆောင်းစိုက်ပျိုးရာသီတွင် နေကြာသီးနှံစိုက်ဧက တစ်သန်းကျော် စိုက်ပျိုးခဲ့ရာ ဧကတစ်သိန်း လေးသောင်းခန့်သာ အထွက်နှုန်းကောင်းသည့် စပ်မျိုးနေကြာမျိုးများ အသုံးပြုနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လာမည့် စိုက်ပျိုးရာသီများတွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကချင်း၏ အထွက်နှုန်းမြှင့်တင်နိုင်ရေးအတွက် နေကြာမျိုးကောင်း မျိုးသန့်များကို ဦးစားပေးသုံးစွဲနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ဌာနပိုင်မျိုးစေ့ထုတ်ခြံများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်ငန်းများက ထုတ်လုပ်သည့် နေကြာမျိုးများနှင့် ပြည်ပမှ မျိုးစေ့တင်သွင်းမှုတို့ဖြင့် လာမည့် နေကြာစိုက်ပျိုးရာသီတွင် ဧကခြောက်သိန်းကျော်၌ မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုနိုင်ရန် မျှော်မှန်းထားပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံရေး ရည်ရွယ်ချက်ကို မိမိတို့ ဝန်ကြီးဌာနက လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိရာတွင် သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေအမှန်များ သိရှိနိုင်ရေးအတွက် ဒေသအသီးသီးရှိ နေကြာစိုက်ခင်းများ၊ နေကြာမျိုးစေ့ထုတ် စိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးစေလွှတ်ပြီး စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေး၊ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နေကြာမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံ၏အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ နည်းပညာရှင် လူသားအရင်းအမြစ်များနှင့် ရှိပြီးဖြစ်သည့် ရေသယံဇာတ၊ မြေသယံဇာတ သဘာဝအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုကာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ စံပြဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအားလုံး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ တောင်သူလယ်သမားများသည် စပ်မျိုးနေကြာ၊ မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးထားရှိမှုကို အနီးကပ်ကြည့်ရှုလေ့လာကြပြီး နေကြာမျိုးတစ်ခုချင်းကို စိတ်ကြိုက်ရွေးချယ်၍ ဆန္ဒသဘောထား မှတ်ချက်များပေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ သင်တန်းတက်ရောက်လျက်ရှိသည့် အစိုးရ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် တာဝန်ထမ်းဆောင်ကြမည့် စိုက်ပျိုးမွေးမြူရေး အထူးပြုဘာသာရပ် ဆရာ ဆရာမများအား တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဘာသာရပ်အလိုက် လေ့လာသင်ယူခဲ့ပြီးသူများဖြစ်သော်လည်း မိမိတတ်သိနားလည်ထားသည့် နည်းပညာ၊ အတတ်ပညာကို ပြန်လည်ပို့ချသင်ကြားပေးရမည့်လုပ်ငန်းဖြစ်၍ သင်ကြားရေးစနစ်၊ သင်ကြားရေးနည်းပညာကို ယခုသင်တန်းမှ စနစ်တကျ ကြိုးပမ်းလေ့လာသွားကြရန်၊ မိမိတို့ သင်ကြားလေ့ကျင့်ပေးလိုက်သည့် တပည့်များ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သူများ၊ အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာနိုင်သူများ ဖြစ်စေရေးအတွက် မွန်မြတ်သော စိတ်စေတနာဖြင့် ကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၆

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ စတင်ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို

နေပြည်တော် မေ ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗဟန်းမြို့နယ် အလယ်တောရစာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်စုစုပေါင်း ၆၅ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတု



တော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိက အဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေး အတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း)ရှိ ဘောဇနသမ္မဒါဆွမ်းစားကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မင်္ဂလသုတ်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်တို့ကို နာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ တတိယအကြိမ် (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲပြုလုပ်

နေပြည်တော် မေ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သရေဆောင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အန္တရာယ်ကင်းအသံမစဲမဟာပဋ္ဌာန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ပဋ္ဌာန်းဓမ္မာရုံ၌ ပြုလုပ်ရာ မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဓမ္မကထိက ဗဟုဇန ဟိတရေ ဘဒ္ဒန္တ ဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မော်လမြိုင်မြို့ ပိဋကတ်တိုက်ကျောင်းစာသင်တိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တပညာဝံသက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်ကြီးများထံ ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းရေအိုးများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ထို့ပြင် မွန်ပြည်နယ်ရှိ ပြည်နယ်ခန်းမ၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တတိယအကြိမ် (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်း (အငယ်တန်း) ၁၀ မြို့နယ်စုပေါင်းသင်တန်းဖွင့်ပွဲ ပြုလုပ်ရာ တေးသံရှင်များက ဂုဏ်ပြုတေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယအကြိမ် (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာစာမေးပွဲ၌ ထူးချွန်ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကာ အဆိုပါသင်တန်းအတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၁၁၀ အားလည်းကောင်း၊ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ သင်တန်းသားကိုင် ပုံနှိပ်စာအုပ်များအားလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကျောင်းသား ကျောင်းသူများ၏ (၃၈)ဖြာမင်္ဂလာတေးကဗျာ သရုပ်ဖော်ဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မေ ၅ ရက်ကကျင်းပသည့် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။ ကြေးမုံ

# ကော့သောင်းမြို့၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

ကော့သောင်း မေ ၆

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဆိုင်ရာ ထူးချွန်ဆုရရှိကြသော ကော့သောင်းခရိုင် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခြင်း၊ လုပ်သက် ၂၅ နှစ်နှင့်အထက်ရှိသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများအား လှည့်လည်ကြည့်ရှုခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက Aluminium Suit ဝတ်ဆင်၍ မီးလောင်ပြင်တွင် ဖြတ်သန်းသွားလာပြီး သရုပ်ပြခြင်း၊ မီးသတ်ယာဉ်ရပ်သည်နှင့် တစ်ပိုက်နှစ်တန်းခွဲနည်းဖြင့် အမြန်ဆုံးပိုက်ဖြန့်၍ မီးငြိမ်းသတ်ရန် အသင့်အနေအထား သရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာဗိုဗီနမ်အားကစားအဖွဲ့ ရွှေနှစ်ခု၊ ကြေးလေးခု စတင်ဆွတ်ခူး

ရန်ကုန် မေ ၆

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း ဗိုဗီနမ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာဗိုဗီနမ်အဖွဲ့သည် မေ ၆ ရက်က ကျင်းပသည့်ပွဲစဉ်များ အပြီးတွင် ရွှေနှစ်ခု၊ ကြေးလေးခု စတင်ဆွတ်ခူးရရှိခဲ့သည်။

## ရယူပေးခဲ့

မြန်မာ ဗိုဗီနမ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသမီး နှစ်ယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင် ခိုင်ဝါဖူးနှင့် မေဟန်နီအောင်လွင်အတွဲ၊ အမျိုးသား လေးယောက်တွဲ လက်သိုင်း အပြပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ရာဇာထွန်းနှင့် ကျော်သူစိုးအောင်အတွဲက ရယူပေးခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ဆုများ ရယူပေးခဲ့သည့် မြန်မာဗိုဗီနမ်ကစားသမားများမှာ ယင်းပွဲစဉ်များတွင် ဆီးဂိမ်း နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသား လေးယောက်တွဲ လက်သိုင်းအပြပြိုင်ပွဲတွင် မြန်မာအတွဲက ရမှတ် ၄၅၃ မှတ်ဖြင့် ရွှေတံဆိပ်၊ ဗီယက်နမ်အတွဲက ရမှတ် ၄၄၅ မှတ်ဖြင့် ငွေတံဆိပ်၊ အိမ်ရှင် ကမ္ဘောဒီးယားအတွဲက ရမှတ် ၄၃၈ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ အမျိုးသမီးနှစ်ယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင်မူ မြန်မာအတွဲက ရမှတ် ၄၅၄ မှတ်ဖြင့် ရွှေတံဆိပ်၊ ထိုင်းအတွဲက ရမှတ် ၄၃၉ မှတ်ဖြင့် ငွေတံဆိပ်၊ အင်ဒိုနီးရှားအတွဲက ရမှတ် ၄၃၇ မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုများကို အမျိုးသား လက်သိုင်းအပြပြိုင်ပွဲတွင် ကျော်သူစိုးအောင်၊ အမျိုးသားဓားအရှည်ပြိုင်ပွဲတွင် ရာဇာထွန်း၊ အမျိုးသမီး Dragon-Tiger ပြိုင်ပွဲတွင် ခိုင်ဇာထွန်းနှင့် အမျိုးသား အသင်းလိုက်ပြိုင်ပွဲတို့တွင် တစ်ခုစီ ဆွတ်ခူးရရှိခဲ့သည်။

ဆီးဂိမ်းဗိုဗီနမ်ပြိုင်ပွဲကို မေ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၃၀ ချီးမြှင့်သွားမည်ဖြစ်သည်။

သတင်း- ကိုညီလေး

ဓာတ်ပုံ- အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန



အမျိုးသမီးနှစ်ယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရခဲ့သည့် ခိုင်ဝါဖူးနှင့် မေဟန်နီအောင်လွင်အတွဲ။



အမျိုးသား လေးယောက်တွဲ လက်သိုင်းအပြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရခဲ့သည့် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ရာဇာထွန်းနှင့် ကျော်သူစိုးအောင်အတွဲ။

# ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်ကို မြန်မာအသင်း ရှုံးနိမ့်

ရန်ကုန် မေ ၆

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို မေ ၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် လက်ရှိချန်ပီယံဗီယက်နမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဗီယက်နမ်ထံမှ အမှတ်ရယူနိုင်ပါက ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ဖြစ်နိုင်သော်လည်း အရေးနိမ့်ခဲ့သဖြင့် နောက်ဆုံးပွဲအထိ ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် မိနစ် ၇၀ ကျော်အထိ တစ်ဂိုးစီ



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သရေကစားနိုင်ခဲ့သော်လည်း လက်ကျန်မိနစ်များတွင် ဂိုးများပေးခဲ့ရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း (ဂိုး)၊ ဖြူဖြူဝင်း၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ မေသက်မွန်မြင့်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ စန်းသော်သော်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်း ကစားပုံတည်မရဖြစ်နေသဖြင့် ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းခံခဲ့ရပြီး ၁၀ မိနစ်တွင် အသင်းခေါင်းဆောင် ဟူယန်နျူက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းမှ မြန်မာအသင်း ကစားပုံပြန်ငြိမ်လာပြီး ၄၂ မိနစ်တွင် ခင်မိုမိုထွန်းက ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ ၇၆ မိနစ်တွင် မြန်မာဂိုးသမား ဂိုးဖမ်းပုံမသေသပ်ရာမှတစ်ဆင့် ထရန်နျူက ဗီယက်နမ်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၉ မိနစ်တွင် ထရန်သွေက သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ် ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

# ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင် ပေါက်စ ချန်ပီယံဘွဲ့ကာကွယ်ရမည်

ရန်ကုန် မေ ၆

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား ပေါက်စသည် ချန်ပီယံဘွဲ့ကာကွယ်ရမည်ဖြစ်သည်။

ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲကို မေ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပေါက်စနှင့် ဇော်သန်းထိုက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပေါက်စအပါအဝင် ကစားသမား ခြောက်ဦးမှာ ကွာတားဖိုင်နယ်မှ စတင်ကစားရမည်ဖြစ်ကာ ကျန်လေးဦးမှာမူ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပေါက်စသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံသား အိုရာနီနှင့် ဗီယက်နမ်နိုင်ငံသား ဘင်ငုယင်သန်ပွဲမှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပေါက်စသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်း ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ် ခြောက်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူထားမှုကို အဆုံးသတ်ကာ ဗိုလ်လုပွဲတွင် အနိုင်ယူပြီး ထိုက်ထိုက်တန်တန် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ပေါက်စ၏ ရွှေတံဆိပ်ဆုမှာ ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် မြန်မာနိုင်ငံက ပထမဆုံးရရှိသည့် ဘိလိယက်တစ်ဦးချင်း ရွှေတံဆိပ်ဆုလည်း ဖြစ်ခဲ့သည်။

ဘိလိယက်အားကစားနည်းတွင် တစ်ဦးချင်းပြိုင်ပွဲ တစ်မျိုးသာ ပါဝင်မည်ဖြစ်ပြီး နာမည်ကြီးကစားသမားများဖြစ်သည့် ပီတာဂေးလ်ခရစ် (စင်ကာပူ) နှင့် ပရာပွတ် (ထိုင်း) တို့လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကစားသမားနှစ်ဦးယှဉ်ပြိုင်မည်ဖြစ်ပြီး ဇော်သန်းထိုက်မှာမူ ထိုင်းနိုင်ငံသား ပရာပွတ်နှင့် ကွာတားဖိုင်နယ်တွင် စတင်ကစားရမည်ဖြစ်သည်။ ပေါက်စ၏ ဗိုလ်လုပွဲသွားရာလမ်းကြောင်းတွင် ဆီမီးဖိုင်နယ်အထိ နာမည်ကြီး ကစားသမားများနှင့် တွေ့ဆုံဖွယ်မရှိဘဲ ပရာပွတ်နှင့် ပီတာဂေးလ်ခရစ် တက်ရောက်လာပါကလည်း ဗိုလ်လုပွဲမှသာ တွေ့ဆုံနိုင်ဖွယ်ရှိနေသည်။

ကိုညီလေး

# ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်

ရန်ကုန် မေ ၆

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စု တတိယနေ့ကို မေ ၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် နာမည်ကြီးထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲပြတ်အရေးနိမ့်ခဲ့သည်။ ထိုင်းအသင်းသည် လက်ရည်အသာဖြင့် ကစားကာ ၂၅-၁၈ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၅-၁၇ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့ပြီး သုံးပွဲစလုံး အရေးနိမ့်ကာ ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခြင်း မရှိသော်လည်း အဆင့် ၅/၈ နေရာလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။

ကိုညီလေး

❖ ဆီးဂိမ်းမှ

တတိယနေရာသာရသဖြင့် ဒုတိယအဆင့် ဆက်လက်ယှဉ်ပြိုင်ရပြီး ကမ္ဘောဒီးယားကစားသမားနှင့်အတူ ထိပ်ဆုံးနှစ်ဦးစာရင်းဝင်သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။ ခင်ချယ်ရီသက်သည် ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမား သောင်သာနွန်နှင့် တွေ့ဆုံခဲ့ပြီး ၄၄-၃၁ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမား ငုယင်သီသီနှင့် တွေ့ဆုံခဲ့ပြီး ၄၂-၃၀ မှတ်ဖြင့် အနိုင်ရသဖြင့် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ခင်ချယ်ရီသက်သည် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုရခဲ့ပြီး နှစ်ကြိမ်ဆက်တိုက် ရွှေဆုရရှိခဲ့ခြင်းဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - seagames2023

☆ ကျောဖုံးမှ

အောင်လအန်ဆန်နှင့် လက်ရည်မကွာသော်လည်း ဆန္ဒစောပြီး အောင်လအန်ဆန်ဟန်ချက်အပျက်တွင် ဝင်ချုပ်ရန် ကြိုးစားရာမှ အောင်လအန်ဆန်၏ ချုပ်ကွက်မိပြီး အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ယခုနောက်ပိုင်းပွဲများတွင် ချုပ်ကွက်ဖြင့် အနိုင်ရမှုနည်းပါးလာသည့် အောင်လအန်ဆန်ကို ၎င်းအားသာသည့် ချုပ်ကွက်ဖြင့်နိုင်ပွဲရရှိခြင်းကို ပြန်လည်တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ ပထမအချီတွင် လက်ရည်မကွာဘဲ နှစ်ဦးစလုံး လက်သီးချက်များက အထိနာစေခဲ့ပြီး ဖန်ယုံလည်း မျက်လုံးနား ကွဲထွက်ခဲ့ရသည်။ ဒုတိယအချီအစတွင်မူ ဖန်ယုံကြောင့် ဟန်ချက်ပျက်သွားသော အောင်လအန်ဆန်ကို ဆန္ဒစောပြီး ဝင်ချုပ်ရန် ကြိုးပမ်းရာမှ ဖန်ယုံ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။

## ချန်ပီယံဘွဲ့ကာကွယ်နိုင်ခဲ့

ONE Fight Night-10 ပြိုင်ပွဲ အဓိကတွဲဆိုင်းအဖြစ် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကျင်းပရာ လက်ရှိချန်ပီယံ အမေရိကန်နိုင်ငံသား ဂျွန်ဆင်က စိန်ခေါ်သူ ဘရာဇီးနိုင်ငံသား အက်ဒရီယာနိုကို အမှတ်ဖြင့်အနိုင်ယူကာ ချန်ပီယံဘွဲ့ကာကွယ်နိုင်ခဲ့သည်။ Co-Main Event ပွဲစဉ်များအနက် မွေထိုင်း ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ထိုင်းနိုင်ငံသား ရော့ထောင်းက စိန်ခေါ်သူ မက္ကဆီကိုနိုင်ငံသား အက်ဂါကို ဒုတိယအချီတွင်လည်းကောင်း၊ ဖလိုင်းဝိတ်တန်း Submission Grappling ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ အမေရိကန်နိုင်ငံသား မစ်ကီက စိန်ခေါ်သူ ယီမင်နိုင်ငံသား ရာဆာမက်ကို ပထမအချီတွင်လည်းကောင်း အနိုင်ရရှိခဲ့သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - ONE Championship

■

# မရေရာမသေချာမှုကြားမှ အိမ်ပြန်ချင်ကြသူများအတွက် ...

မိုးကေနိုင်

မိမိပုံမှန်နေထိုင်ရာဒေသ၊ နေရပ်၊ အိမ်ရာဝန်းကျင်မှ အကြောင်းအမျိုးမျိုးကြောင့် စွန့်ခွာချင်သူဟူ၍ ရှိမည်မဟုတ်ပါ။ ယာယီဖြစ်ဖြစ်၊ ရေရှည်ဖြစ်ဖြစ် ဘယ်လိုအကြောင်းမျိုးနှင့်မှ စွန့်ခွာချင်ကြမည်မဟုတ်။ သို့သော် မတည်ငြိမ်မအေးချမ်းသောဒေသများတွင် မမျှော်လင့်ဘဲ ခါးသီးလှသည့် တိုက်ပွဲများ၊ သဘာဝ ကပ်ဘေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မိမိတို့အသက်ရှင်သန်ရေး၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်များအတွက် မိမိတို့နေရပ်ကို စွန့်ခွာနေရသူများ၊ ရှောင်တိမ်းနေရသူများ၊ ခိုလှုံနေရသူများ Internally Displaced Persons (IDPs) ဟူသောအသုံးအနှုန်းနှင့်ကား ယဉ်ပါးနေရသည်။

## ကူညီလျက်နှင့် ပိတ်သိမ်းနိုင်ရန်လည်းကြိုးစားနေ

ကမ္ဘာတစ်ဝန်း ၂၀၂၂ ခုနှစ်စာရင်းအရ ပဋိပက္ခ အကြမ်းဖက်ဖြစ်ရပ်များကြောင့် IDPs လူသား ၅၉ သန်းကျော်အထိ အမြင့်ဆုံးအရေအတွက်သို့ ရောက်ရှိသွားသည်ဟု သိရသည်။ နိုင်ငံတကာတွင် မူလရှိဆဲပဋိပက္ခများအပြင် ပြည်တွင်းရေး မပြေလည်မှုများ၊ နယ်စပ်ပြဿနာများ၊ နှစ်နိုင်ငံစစ်ပွဲများကြောင့် IDPs အရေအတွက် တိုးလာလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ပါက ယာယီတိုက်ပွဲရှောင်အရေအတွက် ယခုထက်ပို၍ တိုးပွားသွားရန်သာရှိသည်။

ထိုသို့ တိုးမြင့်လာသည့်အခြေအနေတွင် မြန်မာနိုင်ငံတွင်မူ နိုင်ငံတော်က IDPs စခန်းများကို ပိတ်သိမ်းပြီး မူလနေရာများသို့ ပြန်လည်ပို့ဆောင်ပေးရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေစေရေး ကြိုးစားဆောင်ရွက်ပေးနေသည်။ မပိတ်သိမ်းနိုင်သေးသည့် စခန်းများကိုလည်း လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှနေ၍ စိတ်စေတနာအပြည့်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေး အကူအညီ အထောက်အပံ့များ ပေးအပ်နေသည်ကို မြင်တွေ့ရသည်။

မငြိမ်းချမ်း၍ နေရပ်စွန့်ခွာကြရသည်။ တိုက်ပွဲရှောင်၍ ဒုက္ခသည်ဖြစ်ကြရသည်။ နောက်ခံအခြေအနေ၊ နယ်မြေအခြေအနေ၊ တိုက်ပွဲအခြေအနေများပေါ်မူတည်၍ ပထမတော့ ယာယီခိုလှုံရာစခန်း၊ ကာလရှည်ကြာလာပြီး မိမိနေရပ်ပြန်ရန် အခြေအနေမပေးတော့သည့်အခါ IDPs စခန်းများတွင်သာ နေထိုင်ကြရတော့သည်။ သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်ရပ်တန့်ကုန်သည်။ ပုံမှန်ဘဝမျိုးမရရှိတော့ဘဲ ခက်ခက်ခဲခဲရပ်တည်ကြရတော့သည်။ အားလုံးကတော့ အခြေအနေပြန်လည်တည်ငြိမ်သွားသည့်အခါ မိမိတို့ မူလနေရင်းဒေသများဆီ ပြန်လည်အရောက်ပြန်ချင်ကြသည်သာ။ သို့သော် တိုက်ပွဲများကြောင့် မိမိတို့နေထိုင်ရာမြေနေရာများ၊ အိုးအိမ်စည်းစိမ်၊ ကျွဲနွား၊ လယ်ယာများ ဆုံးရှုံးခဲ့ရသည့်အခြေအနေများတွင် မိမိတို့ မူလနေထိုင်ခဲ့ရာဝန်းကျင်သည် နယ်ပယ်သစ်များဖြစ်ကုန်ကြသည်။ မူလရှိခဲ့သော လူမှုစီးပွားဘဝများ ပုံမှန်အခြေအနေပြန်ရောက်ရန်ပင် မလွယ်ကူသည့်အနေအထားများအထိ ရောက်ရှိသွားတော့သည်။

## ရပ်တည်ရန်ခက်ခဲသည့် ရုန်းကန်ရင်ဆိုင်ရမှုများ

Vulnerable groups ဟုခေါ်သည့် အသက်ကြီးရင့်သူဘိုးဘွားများ၊ နို့တိုက်မိခင်များအပါအဝင် မိန်းမနှင့် ကလေးငယ်များ၊ မသန်စွမ်းသူများ၏ ဘဝကား ပို၍သာ ဆိုးတော့သည်။ စခန်းများရှိ အမျိုးသားများသည် ကျန်းမာရေးကောင်းပါက ကြုံရာကျပန်းအလုပ်များလုပ်ပြီး ရပ်တည်ရသလို အမျိုးသမီးများအနေဖြင့်လည်း ဟင်းသီးဟင်းရွက်ရောင်း၊ လုပ်ငန်းအငှားလိုက်၊ ထင်းခွေရေခပ် ကြုံရာအလုပ်များဖြင့်သာ ရပ်တည်ရုန်းကန်ကြရသည်။ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ လစဉ်ထောက်ပံ့မှုကိုသာ မျှော်ကိုးကြရသည်။ အားလုံးသော နှောင့်နှေးမှုများတွင် အခရာကျသည့် ပညာရေး၊ ကျန်းမာရေးလည်းပါသည်။ အစိုးရနှင့် ဘာသာရေးအဖွဲ့အစည်းများက ဖွင့်ပေးသော ကျောင်းများတွင်သာ ပညာသင်ကြားမှု အဆက်မပြတ်အောင် ကြိုးစားကြရပြီး ကျန်းမာရေးတွင်လည်း သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ စောင့်ရှောက်မှုကိုသာ ရယူကြရသည်။

အခြေခံစားရေး၊ နေရေးအပြင် ရေ၊ မီး၊ မိလ္လာစသည့် လိုအပ်ချက်များကလည်း ရှိပြန်သည်။ ဒုက္ခသည်အချင်းချင်း၊ အချို့ကအဖွဲ့လိုက် အမြတ်ထုတ်ခေါင်းပုံဖြတ်သူများ အမြတ်ထုတ်ခံရသူများလည်း ရှိကြသည်။ နေရပ်စွန့်ခွာသူအများစုမှာ မိသားစုအရေအတွက်၊ ဆွေမျိုးအများအပြားနှင့်ဖြစ်ကြပြီး အိမ်ခန်းကျဉ်းကျဉ်းတွင် အချို့က အဖီထိုး၍ ကျပ်ကျပ်တည်းတည်း ဆင်းဆင်းရဲရဲ နေထိုင်ကြရသည်။ ဤသို့ဖြင့် စခန်းတွင်းကျူးကျော်အိမ်ရာဟူ၍ ရှိလာရပြန်သည်။ တစ်ကိုယ်ရေအသုံးကအစ အသုံးအဆောင်ပစ္စည်းများကို ချို့တဲ့စွာ သုံးစွဲကြရသည်။ စနစ်တကျနေထိုင်နိုင်ရေးအတွက် စည်းကမ်းများ ထုတ်ပြန်ထားသော်လည်း လူမှုရေးအခက်အခဲများသာမက တစ်ဦးချင်းလုံခြုံရေး အခက်အခဲများကိုလည်း လျှော့တွက်၍မရသည့် အခြေအနေတွင် ရင်ဆိုင်ကြရသည်။

IDPs စခန်းများကား ပုံမှန်အတိုင်း နေမြဲ၊ လုပ်မြဲဖြစ်သော်လည်း မမျှော်လင့်သော အရေးပေါ်အခြေအနေများဖြစ်သည့် မုန်တိုင်း၊ ရေကြီးမှု၊ သဘာဝဘေးဒဏ်များနှင့် ကိုဗစ်ကဲ့သို့သော ကူးစက်မြန်ရောဂါများ မတော်တဆ ကျရောက်လာပါက ထိန်းချုပ်ရန် အလွန်ခက်ခဲသော အခြေအနေများဆီ ဆိုက်ရောက်သွားနိုင်သည့် စိန်ခေါ်မှုများအတွက်လည်း ကြိုတင်ပြင်ဆင်ထားရပြန်သည်။

## နေရပ်ပြန်ချင်သူအများစုအတွက် ထိထိရောက်ရောက်ဆောင်ရွက်ပေးနေ

အချို့က မိမိတို့ဘဝများ တစ်ကပြန်စနိုင်ရေး၊ မိမိတို့သားသမီးများ ပညာရေးအတွက် မူလနေရပ်များဆီ ပြန်လိုကြသည်။ အချို့ကား နယ်မြေလုံခြုံမှုမရှိ၊ မတည်ငြိမ်သည့်အခြေအနေနှင့် သောင်းကျန်းသူများ ထောင်ထားသော မိုင်းအန္တရာယ်များကြောင့် ပြန်ချင်သော်လည်း မပြန်နိုင်ဖြစ်ကြရသည်။ အခြေအနေပေးလျှင်သော်မှ မိမိနေရပ်ပြန်ရောက်သည့်အခါ အမှီအခိုကင်းကင်းဖြင့် မိမိတို့ဘဝရပ်တည်ရေးမှာ နေရာထိုင်ခင်းက အဆင်သင့်မဖြစ်၊ ရင်းနှီးလုပ်ကိုင်စားသောက်ရန်က အခွင့်အလမ်းကနည်း၊ အခက်အခဲမျိုးစုံ ကြုံရသူများလည်း ရှိကြသည်။ အချို့ကား ဘယ်မှမပြန်လို၊ ကြွက်ကြွခံ၍ ရောက်ရှိရာစခန်းများတွင်ပင် ပျော်မွေ့၊ အခြေကျနေသူများလည်း ရှိပြန်သည်။ သို့သော်မိမိတို့နေရပ်များဆီ အနေးနှင့်အမြန် ပြန်ချင်သူက အများစုဖြစ်သည်ကို စစ်တမ်းများအရ သိရှိရသည်။

ထိုကဲ့သို့ လိုအပ်ချက်များ၊ အခက်အခဲများကား အများအပြားရှိသော်လည်း နိုင်ငံတော်အနေဖြင့်မူ နေရပ်ပြန်ချင်သူများ၊ အိမ်ပြန်ချင်သူများအတွက် ခေတ်အဆက်ဆက် အားထည့်ကြိုးပမ်းဆောင်ရွက်နေသည်သာဖြစ်သည်။ မလွှဲမရှောင်သာ အခြေအနေများကြောင့် ဆင်းရဲဒုက္ခနှင့် အန္တရာယ်ကျရောက်နေသည့် မိမိတို့တိုင်းရင်းသားပြည်သူများ၏ အဆင်မပြေမှုများကို ပပျောက်စေပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိစေရေး နိုင်ငံတော်က နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်အတွက် အရေးပါသည့်ကိစ္စတစ်ခုအဖြစ်သဘောထား၍ အမျိုးသားရေးတာဝန်တစ်ရပ်နှယ် မူဝါဒရေးဆွဲသတ်မှတ် ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်နှင့်ပြည်သူများက ၎င်းတို့ကို လုံးဝဖယ်ကြဉ်မထားမှန်း သိသာပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အဆင့်တွင် ပြည်တွင်းယာယီတိုက်ပွဲရှောင်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် ကော်မတီတစ်ရပ်နှင့် ပြည်နယ်အဆင့် ကော်မတီလေးခုကို ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်။ အမျိုးသားအဆင့် ကော်မတီအောက်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရေး၊ အခြေခံအဆောက်အအုံ ပြန်လည်နေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းကော်မတီများကို ထပ်မံဖွဲ့စည်းထားရှိပြန်သည်။

## IDPs စခန်းများနှင့် ဖွံ့ဖြိုးရေးဟူသည် ပြဒါးတစ်လမ်း သံတစ်လမ်း

အဓိကမှာ IDPs စခန်းများကို စနစ်တကျ ပြန်လည်ပိတ်သိမ်းလိုရင်းပင်ဖြစ်သည်။ IDPs စခန်းများကို ပိတ်သိမ်းခြင်းသည် လုံခြုံရေးအရနှင့် ဘဝရှင်သန်မှုအတွက် စိတ်ချရမှု ရှိမှသာ၊ ပြန်လည်ထူထောင်ရေးအတွက် ပြင်ဆင်ပြီးဖြစ်မှသာ ပိတ်သိမ်းခြင်းဖြစ်သည်။ အတင်းအကျပ် ပြန်ပို့ခြင်းလည်း မဟုတ်ပါ။ တစ်ဖက်က ငြိမ်းချမ်းရေးကို ရှေးရှုလျက် တည်ငြိမ်ရေးကို အားထည့်ကြိုးပမ်းပြီး တစ်ဖက်က လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။ IDPs စခန်းများကြာရှည်တည်ရှိနေခြင်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်စေသည်။ အချို့ ပြည်တွင်းငြိမ်းချမ်းမှုမလိုလားသူများက မြန်မာ့တပ်မတော်ကြောင့်ဟု၊ တိုင်းရင်းသားများကို ဖိနှိပ်မှုကြောင့်ဟု အကြောင်းအမျိုးမျိုးပြ၍ IDPs စခန်းများ ပိတ်သိမ်းခြင်းကို ဆန့်ကျင်နေကြသည်။ သို့သော် လက်တွေ့တွင်မူ နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်၏ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်များနှင့် တိုင်းရင်းသားဒေသများရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် IDPs စခန်းများ ပိတ်သိမ်းခြင်းနှင့် ဆက်စပ်နေသည်ကို တွေ့ရပြန်သောအခါ ၎င်းတို့၏ စွပ်စွဲချက်များသည် တည်ငြိမ်အေးချမ်းရေးကို ဟန့်တားနှောင့်ယှက်သည့် မလိုတမာစွပ်စွဲချက်များသာဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

## ကွင်းဆင်းစစ်ဆေးပြီးမှ ဆက်လက်ပိတ်သိမ်းသွားမည့်အခြေအနေ

IDPs/ ယာယီတိုက်ပွဲရှောင်ဟူသည် နောက်ခံသမိုင်း နေရာဒေသပေါ်တွင်မူတည်၍ ဖြစ်ပေါ်လာပုံချင်း၊ ရပ်တည်နေထိုင်ပုံချင်းမတူကြ၍ ၎င်းစခန်းများပိတ်သိမ်းမည်ဆိုလျှင် စိစစ်သုံးသပ်၍ အကြံပြုချက်များနှင့်တကွ ပိတ်သိမ်းရန်လိုအပ်သည့်အတွက် IDPs စခန်းများအား ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာစိစစ်သုံးသပ်သည့် အဖွဲ့တစ်ခုကို ထပ်မံဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့်အတူ အကြံပြုတင်ပြချက်များကိုပါ အထူးအလေးထားပြီး ဆက်လက်ပိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် IDPs စခန်းများ ဖွင့်လှစ်ထားရှိသော ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းပြည်နယ်များရှိ စုစုပေါင်း IDPs စခန်း ၁၁၀ ခန့်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး **စာမျက်နှာ ၁၅ သို့** ❀

> IDPs စခန်းများကို ပိတ်သိမ်းခြင်းသည် လုံခြုံရေးအရနှင့် ဘဝရှင်သန်မှုအတွက် စိတ်ချရမှုရှိမှသာ၊ ပြန်လည်ထူထောင်ရေးအတွက် ပြင်ဆင်ပြီးဖြစ်မှသာ ပိတ်သိမ်းခြင်းဖြစ်သည်။ အတင်းအကျပ်ပြန်ပို့ခြင်းလည်း မဟုတ်ပါ။ တစ်ဖက်က ငြိမ်းချမ်းရေးကိုရှေးရှုလျက် တည်ငြိမ်ရေးကို အားထည့်ကြိုးပမ်းပြီး တစ်ဖက်က လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။ IDPs စခန်းများ ကြာရှည်တည်ရှိနေခြင်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်

> နိုင်ငံတော်အနေဖြင့် IDPs နှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများ၏ ဘေးကင်းလုံခြုံရေးအတွက်သာမက လူသားတို့၏ဂုဏ်သိက္ခာအတွက်ပါ စဉ်းစားဆောင်ရွက်နေရသည်။ အသိပညာပေးမှုများနှင့်အတူ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ကြရသည်။ အရေးအကြီးဆုံးမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုနည်းနေ၍မရဘဲ အပြန်အလှန်ယုံကြည်မှုရှိရန်နှင့် နားလည်မှုရှိကြရန်သာ အဓိကဖြစ်သည်။ အခြေခံလိုအပ်ချက်များအတွက် အပြန်အလှန်ဖြည့်ဆည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်သာဖြစ်သည်။ သို့မှသာ အိမ်ပြန်ချင်၍ အိမ်ပြန်ရောက်သည့် မိသားစုများ အမှီခိုကင်းကင်းဖြင့် ရေရှည်ဘဝအာမခံချက်ကို ရရှိကြမည်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်သူ(ခ) တိုက်ဂါး(ခ)စောစိုင်းလေးနှင့် ချယ်ရီအောင်တို့သည် ၎င်းတို့အသုံးပြုသည့် "လွမ်းချစ်သူချစ်သူလွမ်း" Facebook အကောင့်နှင့် "Tiger ရဲ့ မားမား" Tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာနေ လှလှနွယ်သည် ၎င်းအသုံးပြုသည့် "ဒေါင်းနီမလေး" Tiktok အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဇရပ်ဖြူကျေးရွာနေ သူရိန်ထွန်းသည် ၎င်းအသုံးပြုသည့် "Thu Rein Htun Art" Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ရာဇာဖြိုးဝေ(ခ) အာဝါးသည် ၎င်းအသုံးပြုသည့် "Yazar Phyo Wai" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမှတ်(၁)ရပ်ကွက်နေ သိန်းဇော်သည် ၎င်းအသုံးပြုသည့် "Thein Zaw" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❁ စာမျက်နှာ ၁၄ မှ

လုံလောက်သည့် တွေ့ရှိချက်များနှင့် အပြုသဘောအကြံပြုချက်များရရှိခဲ့ခြင်းက စခန်းများ အောင်အောင်မြင်မြင် ပိတ်သိမ်းရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။

IDPs စခန်းများကို ပိတ်သိမ်းရုံနှင့်မပြီး၊ နောက်ဆက်တွဲ ပြန်လည်နေရာချထားရေး၊ အခြေခံအဆောက်အအုံနှင့် စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး၊ ပညာရေးစသည့် အခြေခံလိုအပ်ချက်များစွာကို ဖြေရှင်းဆောင်ရွက်ပေးရပါဦးမည်။ ပြောင်းရွှေ့စရိတ်၊ အိမ်ဆောက်ပစ္စည်းမှအစ ကယ်ဆယ်ရေးပစ္စည်းများ၊ သင့်တော်သည့် ကာလတစ်ခုအထိ ဆန်ရိက္ခာအပါအဝင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ရန်၊ အိမ်ထောင်စုများ ပြန်လည်နေရာချထားရန်၊ နေအိမ်အသစ်များ ပြန်လည်ဆောက်လုပ်ရန် မြေနေရာ၊ ရေ၊ မီးရရှိရေး၊ သွားရေးလာရေး အဆင်ပြေစေရေး စသည့်လိုအပ်ချက်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ထို့ပြင် ၎င်းတို့၏ နေရပ်ပြန်နိုင်ရေးအတွက် မိတ်ဆွေနိုင်ငံအချို့နှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအချို့ကလည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနေသည်ကို မြင်တွေ့ရသည်။

### ငြိမ်းချမ်းရေးတရားခံနှင့် IDPs စခန်းများဖြစ်တည်ခြင်း၏အစ မငြိမ်းချမ်းခြင်း

ဤပြည်တွင်းယာယီတိုက်ပွဲရှောင်သူများ၊ ၎င်းတို့နေထိုင်ရာစခန်းများဖြစ်တည်ခြင်း၏ ပင်ရင်းအခြေခံသည် မငြိမ်းချမ်းခြင်း၊ မတည်ငြိမ်ခြင်းက မူလအစဖြစ်သည်။ သို့ဖြင့် မတည်ငြိမ်၊ မငြိမ်းချမ်းခြင်း၏ အစကိုကောက်ရလျှင် ငြိမ်းချမ်းရေးကို သစ္စာဖောက်သည့် EAO အချို့ကိုပင် အပြစ်တင်ရပါလိမ့်မည်။ လက်ရှိအခြေအနေတွင် မြွေပူရာကင်းမှောင့်ဆိုသလို NUG၊ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ၎င်းတို့ကို ကူညီထောက်ပံ့ပြီး ဆူပူအကြမ်းဖက်မှုနှင့် မငြိမ်သက်မှု သက်ဆိုးရှည်အောင် လုပ်နေကြသည့် အချို့ EAO တို့၏ လုပ်ရပ်မှာ စိတ်မချမ်းမြေ့စရာပင် ဖြစ်တော့သည်။ တပ်မတော်ကတော့ ငြိမ်းချမ်းရေးကို အကြိမ်ကြိမ် ဖိတ်ခေါ်နေသည်။

တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားပြီး စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းဆီ အကြိမ်ကြိမ် ဖိတ်ခေါ်နေသည်မှာ တပ်မတော်ဘက်ကသာ ဖြစ်သည်။ မိမိတို့မြို့ရွာ၊ တပ်စခန်း၊ ရဲစခန်းများကို ဝင်ရောက်တိုက်ခိုက်ခံရသည့်အခါ ပြန်လည်တုံ့ပြန်တိုက်ခိုက်သည်မှလွဲ၍ တပ်မတော်ဘက်က စတင်သည့် ထိုးစစ်များမရှိ။ ရှင်းပါသည်၊ ငြိမ်းချမ်းရေး၏ တရားခံမှာ မည်သူနည်း၊ တိမ်းရှောင်စခန်းများဖွင့်ထားရခြင်း၊ ပိတ်သိမ်းနိုင်မှုမရှိသေးခြင်း၏ တရားခံမှာ မည်သူနည်း။ တိုင်းရင်းသားအားလုံး လိုချင်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေသူမှာ မည်သူနည်း။ ဆိုးရွားသည့် ရာဇဝတ်မှုများနှင့် အကြမ်းဖက်ကျူးလွန်နေသူများကား မည်သူနည်း။ အထက်ပါကိစ္စရပ်များအပေါ် တာဝန်ယူ တာဝန်ခံမှုများရှိမှသာ ယနေ့ကြုံတွေ့နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည့်အတွက် ယနေ့နိုင်ငံတော်ကလည်း လူသားချင်းစာနာထောက်ထားမှုအပြည့်အဝဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ခံယူဆောင်ရွက်နေခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ IDPs စခန်းများ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေး လုပ်ငန်းများသည် လူသားချင်းစာနာမှု အခွင့်အရေးအောက်တွင် စိတ်စေတနာကောင်းဖြင့် မည်မျှကြိုးပမ်းဆောင်ရွက်စေကာမူ စိန်ခေါ်ချက်များကား ရှိနေမည်သာဖြစ်သည်။ အဓိကကျသည်က တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးပင်ဖြစ်သည်။ တစ်ဖက်ကလည်း တပ်မတော်အနေဖြင့် ရေရှည်ပဋိပက္ခများ ကင်းဝေးပြီး တည်မြဲသည့် ငြိမ်းချမ်းရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် IDPs နှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများ၏ ဘေးကင်းလုံခြုံရေးအတွက် သာမက လူသားတို့၏ ဂုဏ်သိက္ခာအတွက်ပါ စဉ်းစားဆောင်ရွက်နေရသည်။ အသိပညာပေးမှုများနှင့်အတူ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ကြရသည်။ အရေးအကြီးဆုံးမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုနည်းနေ၍မရဘဲ အပြန်အလှန် ယုံကြည်မှုရှိရန်နှင့် နားလည်မှုရှိကြရန်သာ အဓိကဖြစ်သည်။ အခြေခံလိုအပ်ချက်များအတွက် အပြန်အလှန်ဖြည့်ဆည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်သာဖြစ်သည်။ သို့မှသာ အိမ်ပြန်ချင်၍ အိမ်ပြန်ရောက်သည့်မိသားစုများ အမှီခိုကင်းကင်းဖြင့် ရေရှည်ဘဝအာမခံချက်ကို ရရှိကြမည်ဖြစ်ပြီး မိမိတို့ရပ်ရွာတည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို အတူတကွ လက်တွဲပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ

**ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရပ်နားခဲ့ရသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ယနေ့တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ခဲ့သည်။ ထိုကဲ့သို့ ချီးမြှင့်နိုင်ခြင်းသည် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အရွေ့တစ်ခုဖြစ်သလို ပြည်သူလူထုအတွက်လည်း မျှော်လင့်စောင့်စားရင်ခုန်ရသည့် အခမ်းအနားတစ်ခုဖြစ်ရာ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**



အကယ်ဒမီ ဒါရိုက်တာ အောင်ကိုလတ်



အကယ်ဒမီ ခင်သီတာထွန်း



အကယ်ဒမီ ဆွေဇင်ထိုက်



အကယ်ဒမီ ရန်အောင်



အကယ်ဒမီ ခိုင်သင်းကြည်



အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်



သရုပ်ဆောင် ယွန်းယွန်း

**အကယ်ဒမီ ဒါရိုက်တာစင်ရော်မောင်မောင်**

တစ်သက်မှာ သုံးနှစ်ဆက်တိုက်ပေးတဲ့ အကယ်ဒမီပွဲကို တက်ရမယ်လို့ တစ်ခါမှမထင်ခဲ့ပါဘူး။ ဒီအကယ်ဒမီပွဲမှာ စီမံကွပ်ကဲမှု ဒါရိုက်တာ တာဝန်ယူထားပါတယ်။ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနဲ့ သေချာဆွေးနွေးပြီး တစ်ထောင့်တစ်နေရာကနေ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ခဲ့တာ ငါးလခန့်ရှိပါပြီ။ ဒီအကယ်ဒမီပွဲက သုံးနှစ်စာပေးတဲ့အတွက်လည်း ထူးခြားပါတယ်။ မလုပ်တာကြာပြီဖြစ်တဲ့ နေပြည်တော်မှာ ပြန်လည်ကျင်းပတဲ့အတွက်လည်း ထူးခြားပါတယ်။ အစီအစဉ်တင်ဆက်မှုနဲ့ မီးအလင်း အမှောင်တွေကလည်း ထူးခြားပါတယ်။ ထူးချွန်ဆုကို ၃၃ ဆု လျာထားပါတယ်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း**

ဒီနှစ်မှာ အကယ်ဒမီဆုရရှိပြီးသူတွေကို ရွှေရင်ထိုးလေးတွေ ပေးအပ်ဖို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကစိတ်ကူးရပြီးတော့ စတင်စီစဉ်တာဖြစ်ပြီး ဦးသန်းဋ္ဌေး (ကိုဂျက်)က ကူညီပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်က သိတဲ့အခါမှာ ကြယ်ပွင့်လေးကိုပါ ထပ်ပေါင်းပြီး စီစဉ်တာဖြစ်လို့ ဂုဏ်ယူစရာ ကောင်းပါတယ်။ အကယ်ဒမီဆုရရှိပြီးသူတိုင်း ရင်ထိုးလေးတွေရရှိကြမှာဖြစ်ပါတယ်။ အားလုံးကိုပျော်ရွှင်စေဖို့ စီစဉ်တာဖြစ်ပါတယ်။ သုံးနှစ်စာအတွက် ထူးချွန်ဆုပေးပွဲကို နေပြည်တော်မှာ ယခုလို ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့တဲ့အတွက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ အထူး ပျော်ရွှင်မိပါတယ်။ ရုပ်ရှင်ထူးချွန်ဆုပေးပွဲဆိုတာ ရုပ်ရှင်လောကသားတွေအတွက် ပွဲတစ်ခုဖြစ်ပြီး ဒီပွဲကို နိုင်ငံတော်က ပံ့ပိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ရုပ်ရှင်တေးဂီတဆုရရှိသူ အကယ်ဒမီဒါရိုက်တာ အောင်ကိုလတ်**

သုံးနှစ်စာဆိုတော့ ထူးချွန်ဆုတွေများပါတယ်။ ဇာတ်ကားတွေလည်း အများကြီးတွေ့ရသလို ပံ့ပိုးတဲ့ အတတ်ပညာရှင်တွေရဲ့ လက်ရာတွေကိုလည်း အများကြီးတွေ့ရပါတယ်။ အခုလို သုံးနှစ်ကို တစ်ပြိုင်တည်းပေးတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဆန်ခါတင်ဇာတ်ကားဖြစ်တဲ့ ဂန္ဓဗ္ဗဇာတ်ကားက ပြင်ဆင်မှု လေးနှစ်ခွဲငါးနှစ် အချိန်ယူရပါတယ်။ သာမန်ဇာတ်ကားတစ်ကားနဲ့ မတူဘဲ မြန်မာ့ရိုးရာစောင်းရဲ့ ခုနစ်ကြိုးနဲ့ ၁၆ ကြိုးကာလာနဲ့ ဂျပန်နိုင်ငံရဲ့ ရိုးရာဂီတတွေကို ပေါင်းစပ်ဖြစ်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပရိသတ် လက်ထဲရောက်ခဲ့တယ်။ အခုဆိုရင် ဂျပန်နိုင်ငံမှာ ပြဖို့စီစဉ်နေပါတယ်။

**အကယ်ဒမီ ခင်သီတာထွန်း**

၂၀၁၉-၂၀၂၀ မှာ အကယ်ဒမီအတွက် မျှော်မှန်းလို့ရတဲ့သူတွေ အများအပြား တွေ့ရပါတယ်။ ၂၀၂၀-၂၀၂၂ အတွက်ကတော့ နည်းသွားတယ်။ ဒါပေမဲ့ သုံးနှစ်စာပေါင်းလိုက်တော့ ဆန်ခါတင်စာရင်းမှာ အများကြီးပါပဲ။ တော်တဲ့သူတွေ အကယ်ဒမီဆုရဖို့ အလားအလာရှိတဲ့သူတွေ အများကြီးတွေ့ရပါတယ်။ မျှော်မှန်းတဲ့သူတိုင်းရပါစေလို့ ဆုတောင်းပါတယ်။ ကိုယ်တိုင်လည်း ရုပ်ရှင်ထူးချွန်ဆုရဖို့ နှစ်တွေအများကြီး မျှော်မှန်းရတာတွေရှိခဲ့ပါတယ်။ အနုပညာသမားတစ်ယောက်ဖြစ်တဲ့အတွက် အကယ်ဒမီလို့ ကြားလိုက်တာနဲ့ ရင်ခုန်ပါတယ်။ တော်တဲ့ အနုပညာရှင်တွေ၊ ဇာတ်ပို့၊ ဇာတ်ဆောင်တွေ၊ အတတ်ပညာရှင်တွေအများကြီးရှိတဲ့အတွက် သူတို့လည်း ရင်ခုန်နေကြမှာပါ။ အကယ်ဒမီကတော့ အနုပညာရှင်တိုင်း မျှော်မှန်းထားတဲ့ ပန်းတိုင်တစ်ခုဖြစ်ပါတယ်။ အနုပညာအလုပ်တွေ ဆက်လက်လုပ်ဆောင်ဖို့ ခွန်အားတွေရရှိစေပါတယ်။

**အကယ်ဒမီ ထက်ထက်မိုးဦး**

အကယ်ဒမီဆိုတာ အနုပညာရှင်တိုင်းအတွက် ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါတယ်။ အရင်က တစ်နှစ်တစ်ခါပေးခဲ့တာဖြစ်ပြီး အခု သုံးနှစ်စာဆိုတော့ အကယ်ဒမီဆုတွေ အများကြီးရကြမှာပါ။ အကယ်ဒမီဆိုတာနဲ့ ရင်ခုန်ပါတယ်။ အားလုံးကိုယ်စား ရင်ခုန်ရပါတယ်။ ကျွန်မအနေနဲ့ အကယ်ဒမီရခဲ့တဲ့ နှစ်တွေထဲမှာ ၁၉၉၆ ခုနှစ်က ပထမဆုံးရခဲ့တဲ့နှစ်ဆိုတော့ ရင်ခုန်ရဆုံးဖြစ်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အကယ်ဒမီ မို့မို့မြင့်အောင်**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရဖို့ဆိုတာ အနုပညာရှင်တွေအတွက် အတော်ကို ကြိုးစားရတယ်။ ရပြီးသွားလည်း ထပ်မံရချင်ကြတာပါပဲ။ ကျွန်မ အခု အသက် ၆၀ ကျော်သည့်တိုင် ရချင်နေတုန်းပါပဲ။ ထပ်မံလည်း ကြိုးစားနေဦးမှာပါပဲ။ ဒါအနုပညာရှင်တွေရဲ့ စိတ်ဓာတ်ပါပဲ။ ချစ်တဲ့ပရိသတ်ကြီးလည်း အခုအကယ်ဒမီဆုရတဲ့ မောင်တွေ၊ ညီမတွေလိုပဲ ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျွန်မတို့ မြန်မာ့ရုပ်ရှင်မှာ အကယ်ဒမီပေးပွဲဆိုတာ ၁၉၅၂ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်က မရှိသေးတဲ့သူတွေက ရအောင်ကြိုးစားချင်လာမယ်။ ရပြီးသွားလည်း နောက်ထပ်ရရှိအောင် အားပေးတာ အသိအမှတ်ပြုပေးရတာဖြစ်ပါတယ်။ ဒီနှစ်ကတော့ သုံးနှစ်စာပေါင်းပြီး ပေးတာဖြစ်ပါတယ်။ အနုပညာဆိုတာ အရှိန်ရှိပါတယ်။ တစ်နှစ်ကနေ နောက်တစ်နှစ် တက်သွားရတာဖြစ်ပါတယ်။ သုံးနှစ်တောင်ကြာသွားပြီဆိုတော့ အေးသွားမှာစိုးတဲ့အတွက် ဒီလိုကျင်းပဖြစ်တာ ကျေးဇူးတင်ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ ဖက်ရှင်နဲ့ပတ်သက်ပြီး ဆုချီးမြှင့်ပေးတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပေးလေ့ပေးထရှိတဲ့အတွက် ဆုတစ်ခုအနေနဲ့ ထည့်ပြီး စီစဉ်တာဖြစ်ပါတယ်။

**အကယ်ဒမီ ရန်အောင်**

ရွှေကြိုတွေကတော့ သုံးနှစ်စာဖြစ်တဲ့အတွက် အယောက် ၄၀ ဖြစ်သွားပါတယ်။ အတော်လေးလည်း စိစစ်ရွေးချယ်ခဲ့ရပါတယ်။ ကလေးတွေအားလုံးကလည်း ပျော်ကြတယ်။ အကယ်ဒမီပေးပွဲတွေ အတော်များများလည်း တက်ခဲ့ဖူးပါတယ်။ အကယ်ဒမီတွေလည်း ရခဲ့ဖူးတယ်ဆိုပေမယ့် အခုနှစ်ကတော့ အရင်နှစ်တွေနဲ့ မတူတဲ့ တင်ဆက်မှုတွေလည်း တွေ့ရတယ်။ သုံးနှစ်စာဆိုတဲ့အတွက် ဆုအမျိုးအစားတစ်ခုမှာ သုံးယောက်ရတာကို တွေ့ရမယ်ဆိုတော့ ပျော်စရာကောင်းပါတယ်။ မြန်မာ့ရုပ်ရှင်ကိုချစ်တဲ့ ပရိသတ်တွေရှိလို့ မြန်မာ့ရုပ်ရှင်က ရှင်သန်နေရတာဖြစ်ပါတယ်။ ရုပ်ရှင်အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ အားလုံးက ပရိသတ်ရဲ့ အားပေးမှုအပေါ်မှာပဲ ရုပ်တည်ရတာဖြစ်ပါတယ်။ အားပေးမှုဆိုတဲ့ ပီတိကိုစားပြီးတော့ အလုပ်တွေလုပ်နေရတာဖြစ်ပါတယ်။ ပရိသတ်တွေ အားပေးမှုရှိတဲ့အတွက် အကယ်ဒမီပေးပွဲဆိုတာ ဖြစ်လာရတာပါ။ အခု ပရိသတ်တွေကလည်း သောင်းသောင်းဖြဖြနဲ့ အားတတ်သရောရှိကြပါတယ်။ အင်မတန်ဝမ်းသာဖို့ ကောင်းပါတယ်။ အနုပညာရှင်တွေအားလုံးလည်း စုစုစည်းစည်း ပျော်ပျော်ရွှင်ရွှင်နဲ့ တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။

**သရုပ်ဆောင် ကျော်ထက်အောင်**

ဒီနှစ်က သုံးနှစ်စာ ချီးမြှင့်တာဖြစ်ပါတယ်။ အကယ်ဒမီနဲ့ပတ်သက်ပြီး ဒီနှစ်က လျှို့ဝှက်သိုသိပ်တော့ ဘယ်သူတွေရမယ်ဆိုတာ ခန့်မှန်းဖို့ မသိဘူးဖြစ်နေတယ်။ ဆန်ခါတင်ဇာတ်ကားတွေက အများကြီးဆိုတော့ တကယ်တော်တဲ့သူတွေရကြမှာပါ။

**အကယ်ဒမီ နန္ဒာလှိုင်**

အကယ်ဒမီဆိုတာ အနုပညာသမားတိုင်း ရချင်ကြတဲ့ ဆုတစ်ဆုပါပဲ။ အင်တိုက်အားတိုက်နဲ့ သုံးနှစ်စာပေးမယ့် ဒီလိုနှစ်မျိုးမှာ ဘယ်သူတွေရရ ဝမ်းသာမှာပါ။ ကျွန်မ အကယ်ဒမီရတဲ့နှစ်ကလည်း အကယ်ဒမီပေးပွဲကို နေပြည်တော်မှာပဲ ကျင်းပခဲ့တာပါ။ ပရိသတ်တွေနဲ့ အခုလို ပြန်လည်တွေ့ဆုံရတာ ဝမ်းသာပါတယ်။

**အကယ်ဒမီ ခိုင်သင်းကြည်**

ဒီနေ့ အကယ်ဒမီပေးပွဲကို တက်ရောက်ရတဲ့အတွက် ပျော်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကျွန်မပါဝင်သရုပ်ဆောင်ထားတဲ့ ရိုးမပေါ်ကျတဲ့ မျက်ရည်ဇာတ်ကားက အကယ်ဒမီ ဆန်ခါတင်စာရင်းထဲမှာ ပါပါတယ်။ ဇာတ်ကားအနေနဲ့လည်း အလွန်ကောင်းပါတယ်။ သရုပ်ဆောင်တွေ အားလုံးကလည်း သူ့နေရာနဲ့သူ ဇာတ်ရုပ်က လိုက်ဖက်ပါတယ်။

**အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်**

ကျွန်မအနေနဲ့ အနုပညာအလုပ်တွေ မလုပ်တာကြာတော့ ကိုယ်ကျင်လည်ခဲ့တဲ့ လောကက မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ အားလုံးကို တွေ့ချင်လို့ လာတာပါ။ ကျွန်မရဲ့ဇာတ်ကားတွေအနေနဲ့ သူစိမ်းအိမ်နဲ့ စရိုက်ဆိုပြီး အကယ်ဒမီ ဆန်ခါတင် နှစ်ကားပါပါတယ်။

**အကယ်ဒမီ စိုးပြည့်သဇင်**

ရွှေမင်းသမီး ဇာတ်ကားကိုတော့ စပြီးရိုက်ကတည်းက အတတ်နိုင်ဆုံး ရွှေရည်ဆိုတဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် ကြိုးစားခဲ့ရပါတယ်။ ဒီကားက အများကြီး ကြိုးစားအားထုတ်ခဲ့ရတဲ့ ကားလေးဖြစ်ပါတယ်။ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ တောင်ငူမြို့တည်၊ နန်းတည်ကို အခြေခံပြီး ရိုက်ထားတာဖြစ်တဲ့အတွက် ပိုပြီးအမှတ်တရဖြစ်တဲ့ ဇာတ်ကားဖြစ်ပါတယ်။ အကယ်ဒမီပေးပွဲတိုင်း အကယ်ဒမီရခဲ့တဲ့ အခိုက်အတန့်ကို အမြဲတမ်းမှတ်မိပါတယ်။ အခုလို အနုပညာမောင်နှမတွေ အများကြီးကို ကျန်းကျန်းမာမာနဲ့ ပြန်လည်တွေ့ဆုံရတဲ့အတွက် ဝမ်းသာပါတယ်။ ပရိသတ်တွေလည်း ကျန်းမာ ချမ်းသာကြပါစေ ဆုတောင်းပေးပါတယ်။

**သရုပ်ဆောင် ယွန်းယွန်း**

သုံးနှစ်စာဆိုတော့ ဆန်ခါတင်ဇာတ်ကားတွေ အများကြီးပါပဲ။ တကယ်ကို ထိုက်တန်ပြီး ပရိသတ်အကြိုက်နဲ့ ထပ်တူကြမယ့် သရုပ်ဆောင်တွေ ရရှိကြပါစေလို့ ဆန္ဒပြုပါတယ်။ အားလုံးက စီနီယာအစ်ကို၊ အစ်မတွေဖြစ်တဲ့အတွက် ဘယ်သူရရ ပျော်မှာပါ။

**တွေ့ဆုံမေးမြန်း - ဝင်းသန့်**
**ဓာတ်ပုံ - ဟိန်းမင်းစိုး**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၆

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၁၅ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၆၁ ဦးနှင့် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိတပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။





အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၇၀ | ၂၂၀၀ | ၂၈၁၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၀ | ၂၁၀၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၅ | ၂၀၅၀ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၃၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၈၅ | ၁၉၈၀ | ၁၈၇၀ | ၁၈၈၅ | ၁၉၁၅ | ၁၉၂၀ | ၁၉၂၀ | ၂၁၅၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၉ | ၁၈၄၈ |
| 95 Ron | ၁၈၆၄ | ၁၉၃၄ |
| HSD (500 ppm) | ၁၇၃၇ | ၁၈၀၁ |
| HSD (50 ppm) | ၁၈၁၀ | ၁၈၇၆ |
| HSD (10 ppm) | ၁၈၁၀ | ၁၈၇၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၅၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၃၀,၄၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၈၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၁၀၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီးနေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အောင်လံမြို့နယ်၌ ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

အောင်လံ မေ ၆





မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ကျောင်းသား ကျောင်းသူ၊ လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အားလပ်ချိန်များကို အကျိုးရှိစွာ ဖြတ်သန်းနိုင်စေရန်နှင့် လိမ္မာယဉ်ကျေးလာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက အောင်လံမြို့နယ် အထက(၁) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့မှ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၇၅ ဦးဖြင့် မေ ၅ ရက်မှ ၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်ဆက်)

## သန်လျင်ခရိုင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၄ ရက် နံနက်၉နာရီက သန်လျင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်စီမံကိန်းဦးစီးမှူး ဦးမြင့်ဆွေက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သန်လျင်ခရိုင် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်များကို ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်



## ကျောက်တံခါးမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

ကျောက်တံခါး မေ ၆



ပဲခူး တိုင်းဒေသကြီး ကျောက်တံခါး မြို့နယ်တွင် ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ နှာခေါင်းစည်း တပ်ဆင်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီက လူစည်ကားရာနေရာများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ ဦးစံကျော်လမ်း၊ ပညာ့အလင်းစာကြည့်တိုက်ရှေ့နှင့် လမ်းဆုံနေရာများ၌ နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိများ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ နေအိမ်ပြင်ပ ထွက်ခွာသွားလာပါက နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့် ထိုးနှံရန်တို့ကို ပညာပေးပြောကြားပြီး နှာခေါင်းစည်း ၅၅၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေး မြေစိုက်နံရံကပ်ဘုတ် ပြသ

မော်လမြိုင် မေ ၆

မွန်ပြည်နယ် မော်လမြိုင်ကျွန်းမြို့နယ်၌ ယမန်နေ့ညနေပိုင်းမှ စတင်ကာ သဘာဝဘေးအန္တရာယ် အသိပညာပေးအကြောင်းအရာများကို မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ရှိ မြေစိုက်နံရံကပ်ပြဘုတ်တွင် ပြသခဲ့သည်။

အဆိုပါ မြေစိုက်ဘုတ်တွင် မုန်တိုင်းအန္တရာယ် ဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းကျရောက်ဆဲ၊ ကျရောက်ပြီးချိန်များတွင် လုပ်ဆောင်ရမည့်အချက်များ၊ မုန်တိုင်းအန္တရာယ်အား ကြိုတင်သိရှိနိုင်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်စေရန် ပြည်သူများအနေဖြင့် သဘောပေါက်လွယ်စေသည့်အရောင်ဖြင့် သတိပေးစနစ်များပါရှိသည့်အချက်များကို ပြသထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့ မောင်ငံရပ်ကွက် နတ်မှော်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ သုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် နတ်မှော်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ သုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၈) နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် (၂)ရက်၊ (၅-၅-၂၀၂၃)၊ သောကြာနေ့၊ မွန်းလွဲ (၁:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနကို ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက် (၇-၅-၂၀၂၃)ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)အကြို စာတမ်းရှင်များ၊ သဘာပတိများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် မေ ၆

မေ ၁၈ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)အကြို ညှိနှိုင်းဆွေးနွေးပွဲအဖြစ် စာတမ်းရှင်၄၂ ဦး၊ သဘာပတိ ကိုးဦး၊ ပူးတွဲသဘာပတိ ၁၈ ဦးတို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က စာတမ်းပြုစုတင်ပြရာတွင် ပါဝင်သင့်သည့်အချက်များကို ရှင်းလင်းပြောကြားကာ ပညာရေးတိုးတက်မှုကို အဟန့်အတား ဖြစ်နေသည့် အကြောင်းရင်းများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာ၍ အဆိုပြုရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ပေးကြပါရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် စာတမ်းတစ်စောင်ချင်းစီကို တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့၌ ဘက်စုံထူးချွန် လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြု



မအူပင် မေ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် လေ့လာရေးခရီးစဉ်များမှ ပြန်လည်ရောက်ရှိလာသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ နိုင်ငံတော်အဆင့် ဘက်စုံထူးချွန်သည့် လူရည်ချွန်မောင်မယ် ငါးဦးအား ကြိုဆိုဂုဏ်ပြုပွဲကို မအူပင်မြို့အဝင်မှစတင်ကာ အခြေခံကျောင်းများရှေ့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ မိဘဆွေမျိုးများက ဂုဏ်ပြုပန်းစည်းများ၊ ပန်းကုံးများ ဖြင့် မေ ၅ ရက် နံနက် ၉ နာရီက လှိုက်လှဲစွာဖြင့် ကြိုဆိုခဲ့ကြသည်။

အဆိုပါဂုဏ်ပြုပွဲကိုအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမြတ်ပညာခန်းမတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများက ဂုဏ်ပြုပွဲပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေးဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် နတ်မှော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် သဲဖြူကုန်းရွာတွင် ခမည်းတော် ဦးသာဟန်+မယ်တော်ဒေါ်စောနုတို့မှ ၁၂၉၇ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၀)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၀ ခုနှစ် ကဆုန်လပြည့်ကျော် (၁၀)ရက်နေ့တွင် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၇ ခုနှစ် ကဆုန်လပြည့်ကျော် (၁၂) ရက် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဥယျာဉ်ခြံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တ သီလကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့ ဦးဘညွန့်+ ဒေါ်မြစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သဲဖြူကုန်းကျောင်းဆရာတော်၊ နတ်မှော်ကျောင်းဆရာတော် ဦးဝိဇယ၊ ခရိန်ကျောင်းကြီးဆရာတော် ဦးကုမာရ၊ ဦးပဏ္ဍိစ္စ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော်၊ ရန်ကုန်မြို့ ဗဟန်း(၃)လမ်း ပွဲစားကြီးကျောင်းဆရာတော် ဦးပညာဓိကာဘိဝံသ၊ ဦးကဝိန္ဒာဘိဝံသ၊ မန္တလေးမြို့ အနောက်ထီးလင်းတိုက် ဗြဟ္မာမင်းစာချကျောင်းဆရာတော် ဦးစက္ကိန္ဒ၊ မန္တလေးမြို့ ညောင်ရမ်းပါဠိတက္ကသိုလ်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၂၃ ခုနှစ်တွင် **"သာသနဓဇ ဓမ္မာစရိယ"**ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၄၂ ခုနှစ်မှ ၁၃၇၅ခုနှစ်အထိ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၃၄၄ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၆၃ ခုနှစ်မှ ၁၃၇၅ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၇၆ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၂)ရက်၊ (၅-၅-၂၀၂၃)၊ သောကြာနေ့၊ မွန်းလွဲ(၁:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနကို ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက် (၇-၅-၂၀၂၃)ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ဗြိတိန်ဘုရင် ချားလ်စ် နန်းတက်ပွဲ ကျင်းပ



**လန်ဒန် မေ ၆**

ဗြိတိန်ဘုရင် ချားလ်စ် နန်းတက်ပွဲကို ယနေ့ လန်ဒန်မြို့ရှိ Westminster Abbey ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပကြောင်း သိရသည်။

ဘုရင်မကြီး အဲလိဇဘက်သည် ပြီးခဲ့သည့် စက်တင်ဘာလက ကွယ်လွန်ခဲ့သည်။ ဘုရင် ချားလ်စ်သည် လန်ဒန်မြို့လယ်ရှိ ဘက်ကင်ဟမ် နန်းတော်မှ Westminster Abbey ခရစ်ယာန်ဘုရားကျောင်းသို့ သူ၏ ကြင်ယာတော် မိဖုရား ကာမီလာနှင့်အတူ မြင်းလှည်းဖြင့် ရောက်ရှိလာခဲ့သည်။ လမ်းတစ်လျှောက်တွင် ပြည်သူအများအပြားက ၎င်းတို့ကို အားပေးချီးမြှောက်ခဲ့ကြောင်း သိရသည်။

နန်းတက်ပွဲကို မေ ၆ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတင်ခဲ့သည်။ အသင်းတော်ဂိုဏ်းချုပ်က ချားလ်စ်မင်းသားအား ဗြိတိန်ဘုရင်အဖြစ် တင်မြှောက်ကြေညာခဲ့သည်။ နန်းတက်ပွဲသည် နှစ်နာရီခန့်ကြာမြင့်ပြီး ဘုရင်အဖြစ် တင်မြှောက်ခြင်း၊ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ဘိသိက်ခံခြင်းနှင့် သရဖူဆောင်းခြင်းအပါအဝင် နန်းတက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗြိတိန်ဘုရင်ချားလ်စ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အသင်းတော်ဂိုဏ်းချုပ်က ဘုရင်ချားလ်စ်၏ ဦးခေါင်းထက်သို့ စိန့်အက်ဒ်ဝပ်သရဖူကို ဆောင်းပေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ဘုရင်ချားလ်စ်နှင့် ကြင်ရာတော်စုံတွဲအပါအဝင် တော်ဝင်မိသားစုဝင်များက ဘက်ကင်ဟမ် နန်းတော်၏ လသာဆောင်၌ လက်ပြနှုတ်ဆက်ပြီးနောက် နန်းတက်ပွဲဆိုင်ရာ အခမ်းအနားများ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပွား၊ ၁၇၆ ဦး အနည်းဆုံးသေဆုံး

**ကင်ရှာဆာ မေ ၆**

အာဖရိကအလယ်ပိုင်းရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ၁၇၆ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

**ပျက်စီးဆုံးရှုံးခဲ့**

နိုင်ငံ၏အရှေ့ဘက်ရှိ တောင်ကီဗူ ပြည်နယ်တွင် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် နေအိမ်များ၊ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့သည်။

ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူ ၁၀၀ ကျော်ကို ရှာဖွေလျက်ရှိကြောင်း ဒေသန္တရ အာဏာပိုင်များက ပြောသည်။

ရေကြီးရေလျှံမှုကြောင့် လမ်းကြောင်းများ ပိတ်ဆို့လျက်ရှိသည့်အတွက် ဆေးဝါးများ၊ ဆေးထိုးအပ်များနှင့် အခြားဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ပြတ်တောက်နေကြောင်း ဒေသခံဆရာဝန်တစ်ဦးက ပြောသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်သည့် ရဝမ်ဒါနဲ့ ယူဂန်ဒါနိုင်ငံတို့မှာလည်း အလားတူ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများနှင့် မြေပြိုမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

နှစ်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၃၀ ကျော်ရှိကြောင်း နှစ်နိုင်ငံမှ ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# AI ဉာဏ်ရည်တုနည်းပညာထုတ်ကုန်များ ဘေးကင်းလုံခြုံမှုရှိစေရေး အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်နှင့် နည်းပညာကုမ္ပဏီ အမှုဆောင်အရာရှိချုပ်များ ဆွေးနွေး

**ဝါရှင်တန် မေ ၆**



အမေရိကန် ဒုတိယသမ္မတ ကင်မလာ ဟဲရစ်က AI ဉာဏ်ရည်တုနည်းပညာထုတ်ကုန်များနှင့် ပတ်သက်ပြီး ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် နည်းပညာကုမ္ပဏီကြီးလေးခုမှ အမှုဆောင်အရာရှိချုပ်များနှင့် မေ ၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် အမေရိကန်နည်းပညာကုမ္ပဏီများဖြစ်သည့် မိုက်ခရိုဆော့ဖ်၊ ဂူဂဲလ်၏ မိခင်ကုမ္ပဏီကြီးဖြစ်သည့် အယ်လ်ဖာဘက်၊ Chat GPT တည်ထောင်သည့် Open AI နှင့် Anthropic တို့မှ အမှုဆောင်အရာရှိချုပ်များနှင့် အိမ်ဖြူတော်၌ ယမန်နေ့တွင် တွေ့ဆုံခဲ့သည်။

AI သည် လူသားတို့၏ဘဝများကို မြှင့်တင်နိုင်ပြီး လူမှုရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း ကင်မလာဟဲရစ်က ပြောကြားသည်။

သို့သော် အဆိုပါနည်းပညာနှင့် ပတ်သက်ပြီး ဘေးကင်းလုံခြုံမှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာပြီး နိုင်ငံသားအခွင့်အရေးနှင့် လျှို့ဝှက်ချက်များကိုပါ ထိခိုက်ပေါက်ကြား စေနိုင်ကြောင်း ကင်မလာဟဲရစ်က ထပ်လောင်းပြောကြားသည်။

ပုဂ္ဂလိကနည်းပညာကဏ္ဍတွင် နည်းပညာ ထုတ်ကုန်များ၏ ဘေးကင်းလုံခြုံမှုကို ခိုင်မာစေရန်အတွက် ကျင့်ဝတ်၊ ကိုယ်ကျင့်တရားနှင့် ဥပဒေဆိုင်ရာ စည်းမျဉ်းများရှိသည်ဟု ကင်မလာဟဲရစ်က ပြောကြားခဲ့သည်။ AI ကြောင့် ဖြစ်ပေါ်လာနိုင်သော မလိုလားအပ်သည့်ကိစ္စရပ်များ မပေါ်ပေါက်စေရန် သင့်လျော်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် လိုအပ်ကြောင်း နည်းပညာကုမ္ပဏီများမှ အမှုဆောင်အရာရှိချုပ်များကို ကင်မလာဟဲရစ်က တောင်းဆိုခဲ့သည်။

ထို့ပြင် အမျိုးသား ဉာဏ်ရည်တုနည်းပညာ သုတေသနအင်စတီကျူခုနစ်ခု တည်ထောင်ရန်အတွက် အမေ ရိကန်ဒေါ်လာ သန်း ၁၄၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

AI နည်းပညာဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေး အပါအဝင် ဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော ကိစ္စရပ်များအတွက် ပြည်တွင်း AI developer များနှင့် ဆွေးနွေးတိုင်ပင်ပြီး စည်းမျဉ်းများ ချမှတ်သွားရန် အမေရိကန်အစိုးရက ဥရောပသမဂ္ဂနှင့် အနီးကပ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဥရောပသမဂ္ဂက AI နည်းပညာဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာ



**ဟန္နိုင်း မေ ၆**

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့်အားလပ်ရက်များအတွင်း နိုင်ငံတကာခရီးသည် ၃၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ပြည်တွင်းခရီးသည် ခုနစ်သန်းခန့် ခရီးသွားလာခဲ့၍ ခရီးသွားလုပ်ငန်းမှဝင်ငွေ ဒေါင် ၂၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံ) ရရှိခဲ့ကာ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာကြောင်း ဗီယက်နမ်နယူးသတင်းစာက ယနေ့ဖော်ပြသည်။

နိုင်ငံအတွင်း ပြန်လည်ပေါင်းစည်းရေးနေ့နှင့် မေဒေးနေ့ အားလပ်ရက်များကို စုပေါင်း၍ အားလပ်ရက်ငါးရက် သတ်မှတ်ခဲ့သည်။ ယခုကာလ၌ ခရီးသွားလာသည့် နိုင်ငံအတွင်းရှိ ခရီးသွားပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၄၀ ရာခိုင်နှုန်း ပိုမိုများပြားကြောင်းနှင့် ခရီးသွားလုပ်ငန်းဝင်ငွေမှာလည်း ကိုးရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာကြောင်း ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ မတ်လလယ်တွင် ကုန်းလမ်းနယ်စပ်ဂိတ်များမှ ပထမဆုံး တရုတ်ခရီးသွားအဖွဲ့များ ရောက်ရှိလာခဲ့ပြီးနောက် ဧပြီလတွင် ကုန်းလမ်းမှခရီးသွားဝင်ရောက်မှု ၅၀ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ပထမလေးလအတွင်း လာရောက်သူအများစုမှာ အာရှဒေသမှ ၇၃ ရာခိုင်နှုန်းနှင့် ကျန်ခရီးသွားများမှာ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ဖြစ်ပြီး နိုင်ငံတကာမှလာရောက်သူစုစုပေါင်း၏ ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း စာရင်းအင်းများအရ သိရသည်။

ဗီယက်နမ်သည် ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံခန့်ရရှိရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကာ ပြည်ပမှလာရောက်သူ ရှစ်သန်းကို လက်ခံရန် ရည်မှန်းထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများအား ရာသီဥတုခိုလှုံရာနေရာများအဖြစ် သတ်မှတ်ထားရှိပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သမြုံချိုင် (ANDREW BAY) မြောက် လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမေ်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ပြင်ခရိုင်၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မြန်အောင်မြို့နယ်၌ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

မြန်အောင် မေ ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နွေစပါးစံပြကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၁ နာရီက လဟာပေါက်ကျေးရွာအုပ်စု တောင်သူဦးအုန်းလွင်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြန်အောင်ခရိုင် ဦးစီးမှူး(ယာယီ) ဦးစိုးမြင့်အောင်က မြန်အောင်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး ၉၃၂၇ ဧက စိုက်ပျိုးပြီး နွေစပါးစံပြကွက် ရိတ်သိမ်းမှုနှင့် ထွက်ရှိသည့်နှုန်းထားများ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက နွေစပါးစံပြကွက်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးခဲ့သည်။

နွေစပါးစံပြကွက် သီထပ်ရင်စပါး(ကောင်း)ကိုယ်စားပြုစိုက်ခင်းတွင် စံပြကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ စပါးအစိုအထွက်နှုန်း ၁၂၀ ဒသမ ၈၂ တင်း၊ စပါးအခြောက် ၁၁၂ ဒသမ ၃၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ)၊ မြေကွက်အမှတ်(၆၅)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဗိုလ်မှူးကြီးခင်စိုး[၁၂/မဂတ(နိုင်)၀၇၉၇၃၅]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ယင်းမာလမ်းသွယ်၊ မြေတိုင်းအမှတ်(၃၂)၊ မြေကွက်အမှတ်(၆၆၄)ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဦးဇော်ဌေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးဇော်ဌေး[၁၂/ကမရ(နိုင်)၀၄၂၄၀၀]မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ပြီး၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သင်းသင်းအေး[၇/ကတခ(နိုင်)၁၅၂၇၈၄]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်တစ်စိတ်တစ်ဒေသကို (၂-၅-၂၀၂၃)ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက **စာရွက်စာတမ်းအထောက်အထားမူရင်း**များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသူရမျိုးဝင်း(LL.B)** | **ဒေါ်အောင်အောင်အေး(LL.B,D.I.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၀၂၄၈/၂၉-၈-၂၀၁၂)** | **(စဉ်-၁၄၆၃၉/၁၄-၆-၂၀၁၈)** |

**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၅၆၉၆၄၊ ၀၉-၄၂၅၀၃၃၆၁**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားငုတ္တို(မြောက်)ကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့်အမည်-(၁၂၂-င)၊ ကံပါတ်ရိုး၊ ဦးပိုင်အမှတ်-(၅/၃)၊ မြေမျိုးနှင့်အတန်း-လယ်၊ ဧရိယာ(၄.၅၃) ဧကရှိ ဒေါ်သန်းသန်းဆင့် [၁၂/တတန(နိုင်)၀၂၂၀၃၅] အမည်ပေါက် ပုံစံ(၇)ထွက်ရှိပြီး လယ်ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းသူ ဒေါ်သန်းသန်းဆင့် [၁၂/တတန(နိုင်)၀၂၂၀၃၅]မှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၅၁)လမ်းနှင့် (၅၂)လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-E)၊ မြေကွက်အမှတ်(၁၀၂စီ/၉)ဟုခေါ်တွင်သော အမှတ်(၉)၊ အောင်မင်းခေါင်(၂)လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ရှိ မြေအကျယ်အဝန်း ဧရိယာ (၀.၀၃၄)ဧကရှိ မြေပိုင်မြေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်တင်တင်လှ [၁၂/မဂတ(နိုင်)၀၂၁၉၂၃]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၃)၊ ချင်းတွင်းလမ်း၊ မြေကွက်အမှတ် (၅၂၉/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးမြင့်မြတ် [၁၂/မရက(နိုင်) ၀၅၆၄၃၆]က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနှင်းဝေ [၇/သနပ(နိုင်)၀၆၉၂၉၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် ( LL.B, D.I.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊**
**ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ မေခေါ်လမ်း၊ အမှတ်(၅၂၁)ဟုခေါ်တွင်သော(၂)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်၏ ယာဘက်ခြမ်း၊ အကျယ်အဝန်း(၁၉ x ၅၄)ပေရှိသည့် အခန်းအမှတ်(၆/ဘီ)၊ (၇)လွှာ၊ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သီရိဇော်ထွန်း [၈/ပမန(နိုင်)၀၉၃၆၂၆]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ဒေါ်သီရိဇော်ထွန်းကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်သူ ဦးအောင်နိုင်ဦး[၁၂/သလန(နိုင်)၀၃၄၀၅၁]ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဖြိုးသက်ဦး(LL.B)** | **ဒေါ်နှင်းယုဝေအေး(LL.M, D.I.L)** |
| **(စဉ်-၄၈၁၁၆)** | **(စဉ်-၄၁၁၅၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ သုခမ္မာလမ်း၊**
**(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၃၇၆၄၁၅၊ ၀၉-၇၈၈၀၃၁၇၁၃**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၅-၂၀၂၃)ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၅)ပါ ကန့်ကွက်နိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးမင်းခန့်၏ ကြော်ငြာတွင် ရန်ကင်းမြို့နယ်ဟု မှားယွင်းဖော်ပြမိသဖြင့် ဗဟန်းမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

**စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၂၈)ရှိ Hall၊ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ (၂၀ ပေ x ၅၀ ပေ) ခန့်ရှိ ရေမီးအစုံတိုက်ခန်းအား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်စပ်များဖြင့် တရားဝင် ပိုင်ဆိုင်သူ ဦးထွန်းထွန်းနိုင် [၁၄/ဇလန(နိုင်)၀၀၀၁၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရာ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၁၁)ရှိ နှစ်ခန်းတွဲ (၆)ထပ်တိုက်ခန်း၏ (၆)လွှာ (ခြေရင်းခန်း) (၁၂ ½ ပေ x ၅၀) ပေ ခန့်ရှိ ရေမီးအစုံတိုက်ခန်းအား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်စပ်များဖြင့် တရားဝင် ပိုင်ဆိုင်သူ ဒေါ်သင်းသင်းထွေး [၅/ရဥန(နိုင်)၀၅၉၂၁၉]ထံမှ ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်)၀၅၂၃၃၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan- ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ Ph: 09-767772099, 09- 777797911, 09-789877799, 09-799933939**


သွေးသည် အသက်

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၈၁၇ က + ၈၁၇ ခ)၊ မြေဧရိယာ(၂၀x၆၀)ပေ+(၂၀x၆၀)ပေ၊ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်များပေါ်တွင်ရှိ အိမ်အမှတ်-၈၁၇(က)+၈၁၇(ခ)၊ စာဂလမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် (၂)ထပ်တိုက်အဆောက်အဦ (၂)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဦးမင်းသန့်(ဘ) ဦးငွေးလွင်[၁၂/မရက(နိုင်)၁၄၂၂၅၀]၊ အမှတ်-၆၄၄/၆၄၃၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.GP, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးညိုခြံလမ်း၊ အမှတ်(၁)၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၇၂)၊ (၇)လွှာ၊ (၁၄၂၄·၅)စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်ကားပါကင်(၁)စီးစာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်မေသူမြင့်(၁၂/သဃက(နိုင်)၀၅၆၄၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ပိုးအိဖြူ

တရားလွှတ်တော်ရှေ့နေ (စဉ် -၁၇၃၂၅)

LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)

09- 45 888 7972 , 09- 45 888 7983 , 09- 4080 98822 , 09- 40923 8899

အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ တိုက်အမှတ်(၄၁၀/က)(၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ ခေါင်းရင်းခန်း-အေ၊ (တိုက်မျက်နှာမူ-ဘယ်)ဟုခေါ်တွင်သော (၁၁.၅x၅၃)ပေရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာ [၇/ရတန(နိုင်)၀၉၉၈၉၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆုရည်အောင် [၁၂/ဥကတ(နိုင်)၁၅၇၅၅၂]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးချမ်းမြေ့လင်း** | **ဦးဝင်းဆွေ** |
| **(LL.B)** | **(LL.B, D.B.L)** |
| **(စဉ်-၁၃၀၉၄)** | **(စဉ်-၁၄၆၁၂)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-420103373**

## မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏ စီမံချက်)၊ လူနေရပ်ကွက်အမှတ်-ပေါင်းကူညာဏ၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ်-၃၆၇/၁၂၊ အကျယ်ပေ(၄၀x၆၁.၆/၆၃.၆)၊ ဧရိယာ (၀.၀၅၇၃)ဧကရှိ ဦးညီညီဇော် အမည်ပေါက်နှစ်(၆၀) ဂရန်ထွက်ရှိထားသောမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင်ဦးညီညီဇော် [၁၂/အစန(နိုင်)၀၆၉၉၅၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးဟိန်းသစ်အောင် [၁၂/အစန(နိုင်)၁၉၅၅၄၄]နှင့် ဒေါ်ချစ်ပြုံးနု [၁၂/လမန(နိုင်) ၁၅၄၀၂၈]တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(၁) ဦးဟိန်းသစ်အောင်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/အစန(နိုင်)၁၉၅၅၄၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **(၂) ဒေါ်ချစ်ပြုံးနု** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)** |
| **[၁၂/လမန(နိုင်)၁၅၄၀၂၈]** | **ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ပျောက်ဆုံးကြောင်း

ရွှေရည်စံပယ် ကုမ္ပဏီလီမိတက်၏ဝန်ထမ်းများဖြစ်သော ဦးစည်သူဖြိုး မှတ်ပုံတင်အမှတ်[၁၄/ပသန(နိုင်)၁၉၇၉၀၆]ကိုင်ဆောင်သူနှင့် ဦးမိုးမင်းပိုင် မှတ်ပုံတင်အမှတ်[၁၄/ဘလန(နိုင်)၀၈၉၅၀၂]ကိုင်ဆောင်သူတို့၏အနက်ရောင် ကျောပိုးအိတ်(၂)လုံးသည် (၂-၅-၂၀၂၃)ရက်နေ့ ညနေ(၅:၂၀)နာရီခန့်တွင် Export အတွက် ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်းများ ပြီးစီး၍အပြန် ရုံးကားအား ခေတ္တရပ်နားထားစဉ် အဆိုပါ ကျောပိုးအိတ်(၂)လုံးသည် အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်တွင် ပျောက်ဆုံးခဲ့ပါသည်။

ထိုအနက်ရောင်ကျောပိုးအိတ်(၂)လုံးအတွင်း နိုင်ငံသားမှတ်ပုံတင်(၂)ကတ်၊ ယာဉ်မောင်းလိုင်စင်(၂)ကတ်၊ Custom Smart Card(၂)ကတ်၊ ရွှေရည်စံပယ်ကုမ္ပဏီ၏ သွင်းကုန်၊ ထုတ်ကုန်ဆောင်ရွက်ရာတွင် အသုံးပြုသော အရေးကြီးသော စာရွက်စာတမ်းများ၊ ကုမ္ပဏီ၏ရုံးတံဆိပ်တုံး၊ Hard Disk(၂)လုံး၊ ကုမ္ပဏီ E-token နှင့် Computer ဆက်စပ်ပစ္စည်းများပါ တစ်ပါတည်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Shweyi Zabe Garment Manufacturing Co., Ltd**

**ဆက်သွယ်ရန်-Ph:09-946642282, 09-420185647, 09-250850225**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်သန့် ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်အမှတ်-MF-3576 51 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-760769874

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၂၃၇၊ မြေကွက်တည်နေရာအမှတ်(၂၃၇)၊ သီရိမြိုင်လမ်း၊ ၅၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးညိုဝင်း KTI-၀၀၁၈၇၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးညိုဝင်းမှ နှစ်(၆၀)မြေငှား စာချုပ်ဂရန်မူရင်းမှာ မိမိ၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှအထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ဦးညိုဝင်းထံမှ GP No. (၂၁၁၆၇/၂၀၂၀)(၂၇-၈-၂၀၂၀)ဖြင့် ရရှိသူ ဒေါ်မေသူဇာလွင် [၁၂/ဒဂမ(နိုင်)၀၄၅၄၈၂]မှအထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ်တိုက် (၂)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသဖြင့် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
## ဧရာဝတီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၁/၂၀၂၃-၂၀၂၄)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်(လုပ်ငန်းခွင်အရောက်)(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၁၅-၅-၂၀၂၃)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** | **-(၂၃-၅-၂၀၂၃)ရက်(၁၅:၀၀)နာရီ** |
| **တင်ဒါဖွင့်မည့်နေရာ** | **-လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့။** |
| **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** | **-၂၄-၅-၂၀၂၃ ရက်နေ့၊ နံနက် (၁၀:၀၀)နာရီ** |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ပုသိမ်ခရိုင်**
**(Ph-04221099, 09-779628270)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(၄၁၄/အေ)၊ ကျောက်ရေတွင်း အလယ်ပိုင်း၊ ဦးပိုင်အမှတ်(ဂျီ-၂၃)၊ တပင်ရွှေထီးလမ်းနှင့် ဘုရင့်နောင်လမ်းသွယ်(၁)လမ်းထောင့်ရှိ မြေကွက်အမှတ်(၃၃)၊ မြေအကျယ်(အလျား၁၀၀ပေx အနံ၈၀ပေ)အနက်မှ ဘုရင့်နောင်(၁)လမ်းထောင့်ဘက်ခြမ်း၊ ထောင့်ကွက်တောင်ဘက် မျက်နှာလှည့် မြေအကျယ်(အလျား၅၀ပေx အနံ၈၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလွှမ်းမိုး[၁၂/မဂတ(နိုင်)၀၀၀၆၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်ရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလဲ့ဝင်း(LL.B )အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ-တိုက်အမှတ်(၆၃)၊ (၈)ထပ်တိုက်၏စတုတ္ထထပ် ၅-လွှာ(ဘီ) လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ထားသူ ဒေါ်ကြောင်ခန့်ဝုန်[၄/တတန(နိုင်)၀၄၁၁၇၄]ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရတနာစိမ်း[၇/တငန(နိုင်)၁၈၈၁၄၄] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ရတနာစိမ်း[၇/တငန(နိုင်)၁၈၈၁၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက် ၉/၁၁၊ ပထပ်(စီ)၊ ၃၆လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## အများသိစေရန်ကြေညာချက်

သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းဆီ(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂+၅၃ (နှင်းဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ်(၂၂၈)တွင် (၃)ထပ်တိုက် (Slab Roof)(မိသားစုနေအိမ်) အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်လိုင်စင်မြေအမည်ပေါက် မဟာရွှေတောင်ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၈၆၁၅၈၂၂)ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ ဒေါ်အိမာထွေး [၉/ရမသ(နိုင်)၀၈၆၂၀၃]မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း လိုင်စင်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(အခြား) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သင်ကြားရေးသုံးစာအုပ်များအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(အခြား) ခွင့်ပြုရန်ပုံငွေဖြင့် သင်ကြားရေးသုံး စာအုပ်များအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်နည်းပညာတက္ကသိုလ်တွင် (၈-၅-၂၀၂၃)ရက်နေ့မှ (၂၂-၅-၂၀၂၃) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၈-၅-၂၀၂၃)မှ (၂၂-၅-၂၀၂၃) ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါဖောင်ဝယ်ယူခဲ့သော တက္ကသိုလ်တွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၄၇၉ (ဦးစီးဌာန၊ ရုံးချုပ်) တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော **www.dast.edu.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၁၊မြေကွက်အမှတ်-၁၂၄၊ မင်္ဂလာလမ်း၊ ဧရိယာ(၀.၀၅၉)ဧကကျယ် ဒေါ်ခင်အုန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော (၂၀ x ၆၀) ပေကျယ် ခေါင်းရင်းခြမ်းမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူ ဦးဇေယျာထက် [၁၂/ရပသ(နိုင်)၀၅၈၉၈၆] မှ အဆက်အစပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍(၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန္ဒာဝင်း (LL.B)** | **ဒေါ်စုမြတ်ငြိမ်း(LL.B,DIPL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၆)** |

**အမှတ်-၄၈၊ ၄ဝါလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၈၀၃၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာ(၅)လမ်း၊ အမှတ်(၁၄၀/၁၄၁)၊ ဒေါ်အေးအေးထွန်း အမည်ပေါက်မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်ခွဲ (၅)ထပ်တိုက် အဆောက်အဦရှိ ဒုတိယထပ်တိုက်ခန်း(ခြေရင်း) (အလျား၁၄ပေ x အနံ၄၅ ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဒေါ်ခင်ခင်ယု[၆/ကစန(နိုင်)၀၃၉၉၈၈]၏ ကိုယ်စားသားဖြစ်သူ ဦးဉာဏ်ထွန်းလင်း[၆/ကစန(နိုင်)၁၉၁၀၂၈]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယောမယ်ရီ(LLB, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၄၄)**
**ဖုန်း-၀၉-၄၂၁၀၂၉၀၈၇**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ယာ၊ရတနာမွန်လမ်းကြီး(ခ)ဘူတာရုံလမ်းမကြီး။ အမှတ်(၃၃)၊ (မြေညီ+ထပ်ခိုးပါ) အခန်း အမှတ်(၀၀၄) အကျယ်အဝန်းပေ (၂၅' × ၅၀') အကျယ်ရှိရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လင်းထွန်း (၁၃/တကန(နိုင်)၁၈၈၄၀၈) ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းချသော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စာချုပ်စာတမ်းဖြင့် စရံငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသောပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဦးဆူရီ + ဒေါ်ခင်သန်းဝင်း**

၁၂/စခန(ဧည့်)၀၀၀၁၂၀ ၁၂/စခန(နိုင်)၀၀၀၅၀၈

အမှတ်(၃၆)၊ စကားဝါလမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၉-၅၁၉၇၇၉၇၊ ၀၉-၅၀၁၇၂၃၁

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၆၅)နေ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ်[၁၂/ပဇတ(နိုင်)၀၃၁၉၉၉]ကိုင်ဆောင်သူ ကျွန်ုပ်မ ဒေါ်ထက်ထက်သောင်း နှင့် ပတ်သက်သည့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော မဟုတ်မမှန်သတင်းများပြောဆိုခြင်း၊ ညစ်ညမ်းပုတ်ခတ်စေသည့် အပြုအမူ၊ အပြောအဆိုများ၊ ခြိမ်းခြောက်ခြင်းများ၊ Facebook လူမှုကွန်ရက်စာမျက်နှာ၊ Instagran အစရှိသဖြင့် Social media platform စာမျက်နှာများပေါ်တွင် ဂုဏ်သိက္ခာထိခိုက်စော်ကားစေသည့် စာသားများ ပို့စ်တင်ခြင်းများ ပြုလုပ်ဆောင်ရွက်မည်ဆိုပါက ဆောင်ရွက်သူ မည်သူကိုမဆို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်သောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သော်သော်စန္ဒီဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၉၁၄)**
**ဖုန်း–၀၉–၄၃၀၉၃၇၄၆**
**အမှတ် (၁၁၃၀)၊ ရာဇသူရ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ် (၁၂၅၇)၊ အကျယ်အဝန်း (၄၀'x၆၀') ရှိမြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ယခုရောင်းချသူ ဦးမိုးဇော်ဝင်း [၁၂/သဃက(နိုင်)၁၃၈၃၁၆] အမည်ပေါက်တည်ရှိသော နှစ်(၆၀)ဂရန်မြေဖြစ်ပြီး ၎င်းမြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော (၁) ထပ်တိုက် (၃) ခန်းတွဲနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားရှိပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းပြည့်စုံစွာဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်နန့်ရှုဂေးခလိန်(ဥပဒေဘွဲ့ရ)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၃၅/၁၂)**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ မြောက်/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၆၁၃၅၄၊ ၀၉–၇၈၆၅၂၄၅၁၉**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ရတနာပုံ(၄)လမ်း၊ မြေကွက်အမှတ်(၉၄၆)၊ ကိုသန်းနိုင် (HGU–109681) ပါမစ်အမည်ပေါက် မြေအကျယ်ပေ (၄၀x၆၀)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးစိုးလွင် [၁၂/သဃက(နိုင်)၁၃၆၈၀၁]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့် အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာစာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၀၅/၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရွှေပြည်စိုးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၆၉/၂)၊ (၀.၀၃၁)ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးပြေငြိမ်း [၁၂/မရက(နိုင်)၁၀၉၃၀၉]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ [၁၂/တမန(နိုင်)၀၉၆၁၂၃]မှအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)LL.B** | **ဦးမြအောင်(အောင်ကြီး)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၇၇၄၇)** | **(စဉ်–၃၉၁၃)** | **(စဉ်–၁၃၉၂၄)** |
| **Ph:09954280932** | **Ph:5151246** | **LL.B,D.B.L,D.I.L,D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅) လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **အမှတ်(၇၃)၊ ပန်းဆိုးတန်း လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။** | **WIPO(Switzerland)** |
| | | **Ph:09420080932** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ပီမိုးနင်း(၅)လမ်း၊ မြေကွက်အမှတ်(၇၉၂)ဟုခေါ်တွင်သော(အလျား၄၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးသောင်းထွန်း[၁၂/ဥကမ(နိုင်)၁၀၀၁၄၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော၊ ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၇၉၁)နှင့်ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်လှလှဝင်း[၁၁/မပန(နိုင်)၀၀၃၅၂၀] မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph–09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932,09983837110** |

## ပျောက်ဆုံးကြောင်း

မရွှေရည်ဝင်းမာ မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်)၀၅၉၈၀၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်–ME–770944 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–452457990**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၁၂၊မြေကွက်အမှတ်–၄၃၊မြေကွက်တည်နေရာအမှတ်–၄၃၊သံချပ်ဝန်ဦးညွန့်လမ်း၊၁၁၂ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်အေးအေးဝင်း(၁၂/မဂတ(နိုင်)၀၁၆၉၇၁)အမည်ပေါက်၊၃နှစ်ယာယီလိုင်စင်မြေအားအမည်ပေါက်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူဦးအောင်ချမ်းငြိမ်း(၉/ပကခ(နိုင်)၀၀၃၂၅၅)မှစက်မှုလက်မှုလုပ်ငန်းအတွက်မြေအသုံးပြုခွင့်(စက်မှုဇုန်ပါမစ်)မူရင်း၊အရပ်စာချုပ်အဆက်စပ်များ၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်မြေကွက်အမှတ်၄၄နှင့်၄၃နှစ်ကွက်တွဲပေါင်း၍အသုံးပြုထားပြီးလျှောက်ထားသူမှမြေကွက်၄၄သည်၎င်းပိုင်ဆိုင်သည့်မြေကွက်ဖြစ်၍၂ကွက်ပေါင်းအသုံးပြုထားခြင်းဖြစ်ပြီးပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဝန်ခံကတိပြုတင်ပြထားပါသည်။ပူးတွဲအသုံးပြုထားသောအဆောက်အဦမှာပိုင်ရှင်တစ်ဦးတည်းဖြစ်၍မြေပြင်တွင်၂ကွက်ပေါင်းပြီးယာယီဆောက်လုပ်ထားသောအဆောက်အဦဖြစ်ကြောင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ဒဂုံအရှေ့စက်မှုမြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏(၁၇–၃–၂၀၂၃)ရက်စွဲပါထောက်ခံစာနှင့်အဆောက်အဦအမှန်တကယ်ဆောက်လုပ်ပါက(အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်ပါကြောင်းလျှောက်ထားသူမှဝန်ခံကတိပြုတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဦးအောင်ချမ်းငြိမ်းမှဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးဥဿာဂရန်ပေးစီမံချက်၊ မြေတိုင်း ရပ်ကွက်အမှတ်–၅၃၂–ဘီ/၅၊ မြေကွက်အမှတ်–၅၉၄၊ မြေကွက်တည်နေရာ အမှတ်–၅၉၄၊ ငုဝါလမ်း၊ ပေါင်းကူးဥဿာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ အကျယ်အဝန်း( $\frac{၂၈၂}{၂၇၂}$ ပေ x $\frac{၁၅၁}{၁၀၉}$ ပေ)စတုရန်းပေ(၃၄၉၈၀)၊ ဧရိယာဧက–၀.၈၀၃ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစီမံခန့်ခွဲမှုဌာနတွင် မိမိအမည်ပေါက်မြေကွက်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးဉာဏ်ရွှေ[၁၂/မဂဒ(နိုင်)၀၆၂၅၅၁]ထံမှ အဆိုပါ မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်း( $\frac{၁၀၀}{၁၀၀}$ ပေ x $\frac{၁၅၁}{၁၃၇}$ ပေ)ရှိ မြေကွက်အစိတ်အပိုင်းအား ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးဝယ်ယူထားပြီးဖြစ်သဖြင့် ပိုင်ရေးပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သက်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇင်(စဉ်–၁၈၅၇၇/၉၀) အထက်တန်းရှေ့နေ**
**B.Sc, M.Sc(Zoology), H.G.P, D.B.L, M.A(Business Law)**
**တိုက်(၁၄၁/၅)၊ မီးဒုံးလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ။**
**Ph:09–443095191**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၈)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၂၂၁)၊ အကျယ်ပေ(၄၀x၆၀)ရှိ ဗိုလ်မှူးခင်မောင်သန်း အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော ပါမစ်မြေအမျိုးအစားမြေကွက်အနက်မှ အကျယ်ပေ(၂၀x၆၀)ရှိ(ခြေရင်းခြမ်း) မြေကွက်အပါအဝင်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးစုံပါလူနေအိမ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်လူနေအိမ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူဦးပြည့်စုံထွန်း [၁၂/အလန(နိုင်) ၀၄၁၂၅၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းစိုးဦး [၁၂/အစန(နိုင်) ၁၅၆၉၁၉] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နှင်းဝေ (LL.B) (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၄၄၆)**
**အမှတ်(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်။ 09 –963644517**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သန်လျင်ကြယ်စင်အိမ်ရာ တိုက်အမှတ်(CL–4)၊ အခန်းအမှတ်(215)၊ Level(2)၊ RC(၈)ထပ်အဆောက်အအုံမှ ဧရိယာ(၈၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးဝင်းအောင်ချို[၈/မကန(နိုင်)၂၉၇၆၅၇]နှင့် ဒေါ်ခင်နန္ဒာထွန်း [၉/ပမန(နိုင်) ၀၀၁၉၀၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးမျိုးဝဏ္ဏ [၉/မထလ(နိုင်)၂၀၁၅၂၃]နှင့် ဒေါ်သဇင်မွန်မင်းဝေ [၁၂/မရက(နိုင်)၁၄၄၃၁၆]တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဝဏ္ဏနှင့် ဒေါ်သဇင်မွန်မင်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၆၅)** |
| **Ph:095401940** | **Ph:09428227313** |

**အမှတ်–၁၆၅၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။**

## ရောင်းမည်

**အလုံ ငုဝါလမ်းမ**
**မြေကွက်**
**ပေ(26x50)**
**လှိုင်သာယာ**
**အနော်ရထာ**
**လမ်းမ**
**ပေ(20x60) 2RC**
**09–5140166**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ် (၂၀၅/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေအကျယ်အဝန်း (အလျား ၂၀ပေ xအနံ ၆၀ ပေ)ရှိဦးအေး (ဘ)ဦးကျော်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (RGN–၀၁၈၂၀၄) ကိုင်ဆောင်သူအမည်ဖြင့် နေထိုင်ခွင့်ပြုထားသော ပါမစ်မြေကွက် တစ်ကွက်ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပြီး မိမိသာလျှင် လက်ရှိထား တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဦးနိုင်ဝင်း [၁၂/ဒဂတ(နိုင်)၁၄၁၅၆၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ဖော်ပြပါ မြေကွက်၏ ရောင်းဖိုးငွေများအနက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါရှိသည့်နေ့မှစပြီး (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ –**

| | |
|---|---|
| **ဦးဇော်မျိုးဟန် (LL.B)** | **ဒေါ်ဇင်မျိုးနွယ် (LL.B)** |
| **(စဉ်–၈၆၁၁/၂၀–၁၂–၂၀၁၂)** | **(စဉ်–၄၉၆၆၂/၂၇–၄–၂၀၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး–တိုက်အမှတ်(၃၈၃)၊ A–2 ၊ ငမိုးရိပ်(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၅၆၃၂၂၊ ၀၉–၂၆၁၉၉၅၄၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၈၂) အကျယ်အဝန်း (၂၅၄၂) စတုရန်းပေ၊ ဧရိယာ(၀.၀၅၈)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ မြို့နယ်၊ ငွေကြာရံ(၁၃)လမ်း၊ (၃)ရပ်ကွက်၊ အိမ်နံပါတ်(၂၆၇)ဟုခေါ်တွင်သော မြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်စန်းစန်းဌေး [၁၂/သဃက(နိုင်)၀၉၁၇၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းညွှန့် LL.B, C.P.T, C.J.T**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၃၅၅၀)**
**အမှတ် (၄၄၂)၊ (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–427577757, 09–787577757**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ အမှတ်(၁၇)၊ (၁၃) ခန်းတွဲ၊(၁၃)ထပ်မှ (၂)ထပ်(C)ဘက်ခြမ်း(2–C)၊ အကျယ်အဝန်း(၁၈၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကြသော ဦးမင်းဦး [၁၀/မဒန(နိုင်)၀၃၄၈၄၃] နှင့် ဒေါ်ဥမ္မာဆွေ [၁၂/ပဇတ(နိုင်)၀၁၀၃၈၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရွှေ [၁၂/မဂတ(နိုင်)၀၂၄၆၉၃] ဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိန္ဒြာမင်း(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၈၃၃)**
**ဖုန်း–၀၉–၇၇၇၁၁၈၈၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၁၁/၂ ရပ်ကွက်၊ ဒဂုံလမ်း၊ မြေအကျယ်အဝန်း (၆၀ပေ x ၂၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူများ ဦးကျော်ဇော[၉/မထလ(နိုင်)၂၆၀၃၃၂]၊ ဒေါ်ရူပါမင်း [၇/ဖမန(နိုင်)၁၃၅၀၃၁]တို့မှ ကျွန်ုပ်၏မိတ်ဆွေအားတရားဝင် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန် သဘောတူညီခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွတ်မည့်သူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စန္ဒာထွေး[၁၂/မဂဒ(နိုင်)၀၉၄၉၀၄]** | **ဒေါ်အိအိမျိုး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၅၆/၂၈–၁၁–၂၀၁၇)** |
| | **(၁၃)ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း၊ တိုက် ၄(က)၊ ပထမထပ်** |
| | **လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၅၂၁၆၁၈၉၃၊ ၀၉–၉၆၉၉၁၀၂၇၂** |

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင် [၁၂/ဗဟန(နိုင်)၀၄၄၅၁၆]ကိုင်ဆောင်သူထံ ဒေါ်မိုးအေး[၁၂/တမန(နိုင်)၀၅၈၆၇၉]နှင့် ဒေါ်မိုးမိုးကြည်[၁၂/တမန(နိုင်)၀၅၈၆၇၉]ကိုင်ဆောင်သူတို့မှ ၎င်းတို့ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာလျက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၇၄၉/ခ)၊ မြတ်လေးလမ်းဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မူလအမည်ပေါက် ဦးစိုးညွန့် (AB –၆၇၀၅၇၅) အမည်ပါရှိသည့် ပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူများဖြစ်သော ဖော်ပြပါ ရောင်းချသူနှစ်ဦးမှ ကျွန်ုပ်၏မိတ်ဆွေထံသို့ ထပ်မံရောင်းချရာတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေ အချို့အဝက် ပေးချေထားပြီး ဖြစ်ရာ မည်သူမဆို အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသည့် အထောက်အထားများနှင့် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မျိုးညွှန့်(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်–၄၂၅၃၃/၁၃) (၃၀–၈–၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၈၁၉၁၀၃၄၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အောင်ဇေယျအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(၂)မြေပေါ်တွင် ဆောက်လုပ်ထားသော တိုက်အဆောက်အဦ၏ အခန်းအမှတ်(၁၀၆)၊ ပထမထပ်၊ အကျယ်အဝန်း (၂၀x၄၀)ပေရှိ ဒေါ်လှမြင့် အမည်ပေါက် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သဲယုစံ [၁၂/အလန(နိုင်) ၀၄၆၃၈၄]နှင့် ဦးအာကာလင်း [၁၂/အလန(နိုင်)၀၄၉၇၆၇]တို့က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန်းသန်းဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၅၁၅)**
**အမှတ် (၈၃/၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၁၁၁၂၆၁၉၊ ၀၉–၇၉၆၁၀၀၉၉၀**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ့၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁)ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁)သထုံ၊ အထက(၂) သံတွဲ၊ အထက(၁) အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက (၃)ကျောက်မဲ၊ အထက(၁) ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက (၂၀) ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂)လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း (၂၉)ကျောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ အထက(၁)ဝိုင်းမော်၊ အထက(၁)ဗန်းမော်၊ အထက-ချီကယ်၊ အထက-ဒုံရင်း၊ အထက(၁)ပလက်ဝ၊ အထက (၂) အလုံ၊ အထက-သမုတ်၊ အထက (၄) ထားဝယ်၊ အထက-ညောင်ခြေထောက်၊ အထက-ရွှေတောင်၊ အထက-မြေပြင်သာ၊ အထက(၆) မိတ္ထီလာ၊ အထက-မြစ်သား၊ အထက(၁)စစ်တွေ၊ အထက-သဝန်းတော၊ အထက(၁) အေးသာယာ၊ အထက (၁) လားရှိုး၊ အထက-ဝမ်အွယ်၊ အထက-စကြော့၊ အထက-ကန်ကြီးထောင့်၊ အထက (၁) ပျဉ်းမနား၊ အထက-လပဟယ် (၂၂)ကျောင်း စုစုပေါင်း (၅၁) ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။
(ခ) လက်တွေ့လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ စိုက်ပျိုးရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ / အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်းများသို့ လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးသိပ္ပံ/ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များ ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) စိုက်ပျိုးရေးသင်တန်း
(ခ) မွေးမြူရေးသင်တန်း

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၇။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## (၄-၅-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၀၉/ခ၊ ဧရိယာ(၀.၀၇၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၁၉/က ဟုခေါ်တွင်သော နေအိမ်အဆောက်အဦနှင့်စပ်လျဉ်းပြီး အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသ္သဖရားလမ်း၊ အမှတ်(၂၁)နေ ဦးမျိုးရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အဦနှင့်စပ်လျဉ်းပြီး ဦးမျိုးရွှေ (ကွယ်လွန်သူ ဒေါ်အေးအေးအောင်၏ တရားဝင်ကိုယ်စားလှယ်) က ဒေါ်ခင်လေးငယ်၊ ဒေါ်ခင်စန်းဦးနှင့်ဒေါ်စိုးစိုးအောင်တို့အပေါ် (ယခင်) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှု အမှတ်-၁၇၂/၂၀၁၈ (ယခု) သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၁၄၁/၂၀၂၂ ဖြင့် "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" စွဲဆိုထားသည့်အမှုတွင် အမွေပုံပစ္စည်းတစ်ရပ်အဖြစ် ပါဝင်နေသည့် ပစ္စည်းတစ်ရပ်ဖြစ်ပါသည်။ ထို့အတွက် အမှုအတောအတွင်း အမှုဖြစ်ပစ္စည်းတစ်ရပ်ကို အရောင်းအဝယ် ပြုလုပ်ခြင်းမပြုပါရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ယခုကဲ့သို့ ကန့်ကွက်ကြောင်း ကြေညာထားပါလျက် အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ဆောင်ရွက်လာပါက ဖြစ်ပေါ်လာမည့် ကိစ္စအဝဝသည် ရောင်းသူနှင့် ဝယ်ယူသူတို့၏ တာဝန်သာဖြစ်သည်ဖြစ်ကြောင်းနှင့် အရောင်းအဝယ်ကိုလည်း အသိအမှတ်ပြုမည် မဟုတ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၂၇)**
**အမှတ်(၂၁)၊ ဥသ္သဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၁၅၀၇**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ [အထက(၂) မိုးညှင်း၊ အထက(၂) ကော့ကရိတ်၊ အထက(၂) ဟားခါး၊ အထက(၁) ရွှေဘို၊ အထက-အုန်းတော၊ အထက-အုန်းနဲ့၊ အထက-အေးမြသာယာ၊ အထက-စကု၊ အထက-ပြလို့၊ အထက-သရက်၊ အထက(၁) ပျော်ဘွယ်၊ အထက-လက်ပံပြား၊ အထက-ရွှေပြည်၊ အထက-ဟံဂံ၊ အထက(၁) သထုံ၊ အထက(၂) သံတွဲ၊ အထက(၁) အမ်း၊ အထက-စိုက်မွေး၊ အထက-ညောင်နှစ်ပင်၊ အထက-ငါးဆူတောင်၊ အထက(၃) ကျောက်မဲ၊ အထက(၁) ဒေးဒရဲ၊ အထက-ချင်းမြောင်၊ အထက(၂၀) ပုဗ္ဗသီရိ၊ အထက(ခွဲ) ပေါင်လင်း၊ အထက-မန်တုံ၊ အထက(၂) လောက်ကိုင်၊ အထက-ကျုံး၊ အထက-နန်းယွန်း] (၂၉)ကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ (မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ ပလက်ဝ၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ တောင်ငူ၊ ပြည်၊ မကွေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ စစ်တွေ၊ လက်ခုပ်ကုန်း၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပုသိမ်၊ မအူပင်၊ နေပြည်တော်၊ လပဟယ်၊ ပူတာအို၊ တီးတိန်၊ ခန္တီး၊ ကလေး၊ ချောင်းဦး၊ ကော့သောင်း၊ ပခုက္ကူ၊ မန္တလေး၊ မြင်းခြံ၊ မော်လမြိုင်၊ ရွာမ၊ ပင်လုံ၊ ပင်းပက်၊ ဟသ်ာတ) (၃၆)ကျောင်း စုစုပေါင်း (၆၅)ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်သူဖြစ်ရမည်။
(ခ) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ / ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့ လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၅။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)
(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

၆။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)
(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Building Service Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၅-၅-၂၀၂၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၁၈-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ တိုက် (၂၆)၊ (၆) လွှာ၊ အခန်းအမှတ် (၆/A)၊ (၁၂ ၁/၂'x ၅၅') အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သန်းသန်းဝင်း [၁၂/ကမတ(နိုင်)၀၃၀၉၆၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၇၄)**
**အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၃၈၅၁၂၈၊ ၀၉-၇၃၀၉၄၂၈၅**


## သည်းခြေအိတ် ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအတွက် ဆေးနည်းများပေးမည်-

၁။ သည်းခြေအိတ် ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် (၁)ရက်လျှင် ပန်းသီး(၅)လုံးစီ (၅)ရက်စားပြီးနောက် (၆)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာ ဆောင်ရွက်ခြင်းဖြင့် (၇)ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖတ်များ၊ ပျော့၊ ကျေ၍ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင် မြင်တွေ့ရပါမည်။

၂။ ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် ပန်းသီး၊ စပါးလင်၊ ကညွှတ်အပါအဝင် သဘာဝအသီးအနှံ (၅/၇)မျိုးကို နေ့စဉ်စနစ်တကျ (၆)ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကင်ဆာဆဲလ်များကို ကျုံ့သွားစေပါသည်။ ကင်ဆာရောဂါကို တဖြည်းဖြည်း သက်သာသွားစေပါသည်။ ကျောက်ကပ်ကျောက်များ ပျော့ကျေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါကိုလည်း သိသာစွာ သက်သာစေပါသည်။

၃။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် ပန်းသီးနှင့် ဆီးသီးအပါအဝင် သဘာဝအသီးအနှံ(၅)မျိုးကို စနစ်တကျစားသုံးခြင်းဖြင့် (၂)ပတ်အကြာ၌ သိသာစွာ သက်သာပျောက်ကင်းစေပါသည်။ ဆေးနည်းအပြည့်အစုံ သိရှိလိုပါက - ဦးသန်းဝင်း၊ အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး(ငြိမ်း) Ph-09-5070157 ကို ကာယကံရှင်ကိုယ်တိုင် ဆက်သွယ်ပါ။


## FORTUNE FUND MYANMAR COMPANY LIMITED

## (ဖော်ကျူးဖန်မြန်မာကုမ္ပဏီလီမိတက်)၏ ဒါရိုက်တာအဖွဲ့ဝင်နုတ်ထွက်ခြင်းအား အများပြည်သူသိရှိစေရန် ကြေညာချက်

ဖော်ကျူးဖန်မြန်မာကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါကြောင်းနှင့် ငွေရေးကြေးရေးကြီးကြပ်ရေးဌာန၏ ၂၀၁၈-ခုနှစ်၊ မတ်လ(၂၁)ရက် ရက်စွဲပါ စာအမှတ်၊ ငကစ၊ ကက-၆ (၁၄၂/၂၀၁၈) အရ ဖော်ကျူးဖန်မြန်မာကုမ္ပဏီလီမိတက်မှ ငွေကြေးဝန်ဆောင်မှုရယူနေသည့် အသင်းသားများ၊ အခြားသော Stakeholders များနှင့် အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာနုတ်ထွက်**

**၁။ ဦးထွန်းထွန်းလင်း**

**ဒါရိုက်တာအဖွဲ့**
**ဖော်ကျူးဖန်မြန်မာကုမ္ပဏီလီမိတက်**

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း/ငြိမ်းချမ်းရေးရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်(၁၀) (၄-လွှာ/ဘီ)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းကို မိမိဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးဝင်းနိုင်[၁၂/လမတ(နိုင်)၀၀၆၅၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုမောင်[၁၂/ကမတ(နိုင်)၀၄၀၄၅၈]သည် ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်အား မရောင်းထိုက်/မဝယ်ထိုက်ဟု ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာချက်ပါရှိသည့်ရက်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဒေါ်ချိုချိုမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးကြည်လင်းထွဋ် | ဦးသန်းစိုးထွန်း | ဒေါ်နီလာခိုင် |
|---|---|---|
| LL.B, D.B.L, D.M.L, D.I.L | LL.B, D.B.L, WIPO, D.L.P(Swit) | LL.B, D.B.L, WIPO, D.L.P(Swit) |
| (စဉ်-၁၂၂၀၂/၁၇) | (စဉ်-၈၁၇၀/၁၂) | (စဉ်-၁၂၄၃၈/၁၇) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5173968**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁)၊ မြေကွက်အမှတ် (၁၃၂)၊ မြေအကျယ်အဝန်း (၆၀ပေx၄၅ပေ)၊ ဧရိယာ(၀. ၀၆၂)ဧကရှိ နှစ်(၆၀) မြေငှား ဂရန်မြေကွက် နှင့် ထိုမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁-ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၃၂)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦသည် ဦးကိုကိုလတ်၊ ဒေါ်မိမိဇော်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယခုရောင်းချသူက အထူးကိုယ်စားလှယ်လွှဲစာရယူထားပြီး ဝယ်ယူထားကာ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နီနီဝင်း [၁၂/အစန(နိုင်)၀၁၀၃၁၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ-**

| ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဒေါ်ဖြူဖြူထွဋ်း(အထက်တန်းရှေ့နေ) |
|---|---|---|
| (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၃၂၁၅၆) |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**Ph-09 5018076**

## ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ဂန့်ဂေါရိပ်သာလမ်း၊ အမှတ် ၁၁၆၇(က)/(ခ) ဟုခေါ်တွင်သော ၂ ခန်းတွဲ ၆ ထပ်ခွဲတိုက်၏ပဥ္စမထပ်(၆လွှာ)(တိုက်ကိုမျက်နှာမူလျှင်ဘယ်ခြမ်း)၊ အကျယ်အဝန်း(၁၉ပေ x ၅၄ပေ)ခန့်ရှိ ခါတ်လှေကားအပါ RC တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသည်များအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဆန်းဝင်း [၁၂/လသန(နိုင်)၀၂၀၇၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ**

| ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဒေါ်ဖြူဖြူထွဋ်း(အထက်တန်းရှေ့နေ) |
|---|---|---|
| (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၃၂၁၅၆) |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**Ph:09-5018076**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းအောင်(ခ)ဝေါင်ကင့်ခင်း
(တက်နေဝင်း ရေခဲမုန့်၊ ရေခဲချောင်း)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ အမှတ်(၆၃)၊ ဘာဝနာလမ်းနေ ဒေါ်ရီရီအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်လင်း-ဒေါ်ကေသီ၊ ဒေါ်သီတာ၊ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး၊ ဦးလင်းထိန်-ဒေါ်ကေခိုင်လင်း၊ ဦးမျိုးဆွေ-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးညီညီအောင်)၊ ဦးမောင်ကို၊ ဒေါ်ချောစုအောင်၊ ဦးနေဝင်းအောင်-ဒေါ်ပန်းအိဖြူတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၅-၅-၂၀၂၃(သောကြာနေ့) ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၇-၅-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးမျိုးမင်း(ခ)Dr.Cyril Tan
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ်(၃၄)နေ (ဒေါက်တာ ဟန်ဘို-ဒေါ်မမ)တို့၏သား [ဒေါက်တာ စန်းစန်းမြင့်(ခ) ရှယ်လီတန်]၏မောင်၊ ဒေါက်တာဒေါ်သဇင်(ခေတ္တ-UK)၏ခင်ပွန်း၊ မသီတာအောင် (ခေတ္တ-UK)၊ မောင်မင်းအောင် (ခေတ္တ-UK)၊ မနန်းအေးလင်း (ခေတ္တ-UK)တို့၏ဖခင်သည် ၆-၅-၂၀၂၃(စနေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးဇော်ဝင်း
B.Com. (IT), C.T.M.P. (တိုင်းရင်းဆေးသမားတော်ကြီး)
ဦးစီးအရာရှိ (ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ဝန်ကြီးများရုံး)
မြွေနှစ်ကောင်ဆေးတိုက်နှင့် ဟံသာအေးဆေးတိုက်ပိုင်ရှင်
## အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်လှ-ဒေါ်မမလေး)တို့၏သား၊ (Dr. Hj. ဦးတင်မောင် – Hj.ဒေါ်တင်တင်မြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅၇)၊ (၃၈)လမ်းနေ Dr. မေတင်မောင် (May Fair Inn) ၏ခင်ပွန်း၊ ဦးလင်းအောင်ဇော် – ဒေါ်မာလာဝင်း၊ ဦးစိုးနိုင် – ဒေါ်ဂျူလိုင်မိုး၊ (U.S.A) နေ Alexander Linn – Liming Zhu တို့၏မွေးသဖခင်ကျေးဇူးရှင် Elina Linn၊ Erik Linn တို့၏အဘိုး ဦးဇော်ဝင်းသည် ၅-၅-၂၀၂၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် အလ္လာဟ်ရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေအဆွရ်နမားစ်အပြီး ရေဝေးစွန္နီကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းအောင်
လက်ထောက်ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး
## အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း၊ တာပွန်လမ်းနေ [ဦးသန်းရွှေ (စာကြည့်တိုက်မှူး)-ဒေါ်မြရွှေ (ကျောင်းဆရာမ-ငြိမ်း)]တို့၏သား၊ မရမ်းကုန်းမြို့နယ်နေ (ဦးခိုင်လုံးရွှေ)-ဒေါ်သန်းမြင့်တို့၏ညီ၊ ဒေါ်ခင်နှင်းဖြူ၏အစ်ကို၊ အမှတ်(၁၀၉)၊ ရေကူးရွာမလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ကိုမင်းသက်နိုင်-မဆုမြတ်အေး၊ ကိုပြည်စိုး-မအေးပြည့်အောင်၊ မကြည်သာအေး၊ ကိုထူးရဲအောင်-မသီတာအောင်တို့၏မွေးသဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်အေး(အထက-၄၊ မရမ်းကုန်း၊ အလပြ)၏ချစ်လှစွာသောခင်ပွန်း ဦးဝင်းအောင်သည် ၆-၅-၂၀၂၃ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၈-၅-၂၀၂၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ခင်ရီ
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ တိုက်(၃)၊ အခန်း(၁၀၁)၊ အေ-၂လမ်းနေ (ဦးကျော်ညွန့်)ဇနီး၊ ဦးဝင်းမြင့်-ဒေါ်အေးအေးမာ၊ ဦးဇော်ဌေး-ဒေါ်အေးအေးမော်၊ (ဦးငြိမ်းဌေး)-ဒေါ်ခင်ဆွေဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၆-၅-၂၀၂၃(စနေနေ့) နံနက် ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၃ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ တိုက်(၃)၊ အခန်း(၁၀၁)၊ အေ-၂လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်ထွန်း
ရခိုင်ပြည်နယ်/မြောက်ဦး/စစ်တွေ
ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး(၁၀)၊
ဆေးနှင့်ဆေးပစ္စည်း
## အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်နေ (ဦးမြဦး-ဒေါ်စိန်သာ)တို့၏သား၊ စစ်တွေမြို့နေ (ဦးအောင်ညိုလှ-ဒေါ်မနီ)တို့၏ သားသမက်၊ ဦးကြည်ဇင်(မြန်မာ့ဆက်သွယ်ရေး)၊ ဒေါက်တာဦးကြည်လှိုင်(ပါမောက္ခ/ဌာနမှူး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါ်ဣန္ဒာမိုမိုဝင်း၊ ဒေါ်မြင့်မြင့်ကြည်(လက်ထောက်အတွင်းဝန်၊ လူကယ်ပြန်ဝန်ကြီးရုံး)၊ ဒေါ်ထွေးထွေးကြည်(MICB)တို့၏ ချစ်လှစွာသောမွေးသဖခင်ကြီး၊ မလှိုင်မြသန္တာ၊ မလှိုင်ထူးဣန္ဒာတို့၏အဘိုးရှင်၊ ဒေါ်ခင်စိန် (ပညာရေး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၅-၂၀၂၃ (ကြာသပတေးနေ့) ည ၁၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၅-၅-၂၀၂၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် တိုက်အမှတ်(၂၇၃)၊ အခန်း(၃)၊ ကသစ်မြိုင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှဝင်း(B.R.C.C.S)
မြန်မာ့မီးရထားငွေစုငွေချေးအသင်း(ငြိမ်း)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း(၁၀၄)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကျော်ဖေ-ဒေါ်လှညွန့်)တို့၏သမီး၊ ဦးဝင်းမြင့်၏ဇနီး၊ မောင်ဟန်ထွန်းအောင်၏မိခင်၊ (ဒေါ်စန်းစန်းဝင်း)၊ ဦးသန်းဌေး၊ ဒေါ်သန်းသန်းညွန့်တို့၏အစ်မ ဒေါ်လှလှဝင်းသည် ၅-၅-၂၀၂၃(သောကြာနေ့) နံနက် ၂:၃၀နာရီတွင် ရန်ကုန်မြို့ အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ (၃)လွှာ၊ (တိုက်ကိုမျက်နှာမူလျှင်လက်ယာဘက်)၊ အကျယ်အဝန်း(၁၆ပေခွဲ၊ ၆၅ပေ)ရှိ တိုက်ခန်း၊ ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးအေးချို[၁၀/မလမ(နိုင်)၁၆၀၉၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထိန်မင်း[၁၂/ခရန(နိုင်)၀၆၉၅၇၈]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဇော်ဌေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၉၀/၂၀၁၇)
အမှတ်(၃/က)၊ မာဃလမ်း၊ အမှတ်(၁)ရပ်ကွက်၊ သုံးခွမြို့။
ဖုန်း-၀၉-၇၉၈၄၀၉၅၃၂၊ ၀၉-၄၀၁၆၀၂၇၉၀

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တမုနိန္ဒ
ဥက္ကဋ္ဌ(ငြိမ်း)
ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့
သာသနဓဇဓမ္မာစရိယ
## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
## သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ တောင်တွင်းကြီးပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ချောင်းရိုးကျေးရွာ၊ မဟာကံဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာ၊ မြတ်ရတနာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက ဗဟန်းမြို့နယ်၊ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားနှင့် ရန်ပြေမာန်ပြေမူလကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဖြစ်တော်မူသော အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)၊ သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်ရှိ တောင်တွင်းကြီးပရိယတ္တိစာသင်တိုက်၏ဆရာတော် ဘဒ္ဒန္တမုနိန္ဒ မဟာထေရ်မြတ်သည် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၃-၅-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ ည၉:၁၀နာရီတွင် ဤဘဝခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတော်မူသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော် အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲအခမ်းအနားကို ၁၃-၅-၂၀၂၃(စနေနေ့)တွင် ကျင်းပပါမည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

တောင်တွင်းကြီးပရိယတ္တိစာသင်တိုက်
နာယကနှင့်စာချဆရာတော်များ
ဈာပနကျင်းပရေးကော်မတီ

ခရစ်တော်၌ ဘုန်းတော်ဝင်စားခြင်း
## သိက္ခာတော်ရဆရာ ဦးဒေးဗစ်စိုးတင့်
## အသက်(၈၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ မက်သဒစ်အသင်းတော်(အထက်မြန်မာပြည်)ဂိုဏ်းချုပ်ဆရာတော်ကြီး(ငြိမ်း) (ဦးဘအုန်း-ဒေါ်မြခင်)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဘချစ်-ဒေါ်အေးခင်)တို့၏ သားသမက်၊ (ဒေါ်စန်းစန်းအုန်း-ဦးမောင်မောင်ခင်)၊ ဦးစိုးမြင့်-ဒေါ်နီလာ၊ (ဦးစိုးဆင့်-ဒေါ်ဂျင်းနီ)၊ ဦးစိုးလှ-ဒေါ်ခင်လှချစ်၊ ဒေါ်မြမြအုန်း-(ဦးတင်မောင်ထွေး)၊ ဦးစိုးမြ-ဒေါ်ဖြူဖြူတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၄၈-လေးလွှာ)နေ ဒေါ်ဘက်တီတင်ညွန့်၏ခင်ပွန်း၊ ဦးစိုးနိုင်ဦး-ဒေါ်ဌေးဌေးမြင့်၊ ဒေါ်နွယ်နီစိုးတင့်-ဦးမြင့်ဦး၊ (ဦးစိုးမင်းအောင်)-ဒေါ်နုနုထွေး၊ ဦးစိုးမင်းထွေး-ဒေါ်ခင်မင်သက် တို့၏ဖခင်၊ ဒေါ်ပိုးပြည့်ငြိမ်းသူ-ဦးအောင်မျိုးလှိုင်၊ ဒေါ်ကြာညိုသင်း(ခ)ဖြိုးဖြိုး၊ ဦးအောင်မျိုးမြတ်-ဒေါ်ထိုက်ထိုက်အောင်၊ မယုမွန်မြင့်ဦး၊ မမေမြတ်လှိုင်၊ မောင်သက်ဦးမောင်၊ မမေမြတ်နိုးမောင်တို့၏အဘိုး၊ မသျှင်နှင်းလှဲ့စံ၏ဘိုးဘိုး၊ မြန်မာနိုင်ငံသမ္မာကျမ်းစာအသင်းကြီး၏ မန်နေဂျာ(ငြိမ်း)၊ YMCA ဘုတ်အဖွဲ့ဝင်၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက် အတွင်းရေးမှူး(ငြိမ်း)၊ အမှုတော်ဆောင်သိက္ခာတော်ရ ဆရာ ဦးဒေးဗစ် စိုးတင့်သည် ၄-၅-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် ခရစ်တော်၌ ဘုန်းတော်ဝင်စားသွားပါသဖြင့် ၈-၅-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရှိန်းလိန်းထန်း(ခ)ဦးဖေကျော်ထင်
B.Sc Engg (Chem)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)
## အသက်(၈၁)နှစ်

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ ရမ်ပန်းရွာနေ (ဦးကီးရှိန်းလိန်း-ဒေါ်ထန်းထုံ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးအိန်စွန်-ဒေါ်နှင်းကြည်)တို့၏ သားသမက်၊ ဒေါ်နုနုကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးကီးလင်း-ဒေါ်လိန်းဘူလီ)တို့၏ မောင်၊ ဒေါ်ရှိန်းလိန်းအွယ်၊ ဦးရှိန်းလိန်းအောင်-ဒေါ်နုထားတို့၏ အစ်ကိုကြီး၊ (ခွန်လှိုင်မျိုးအောင်)-မကြည်လဲ့အေး(ခ)မလိန်းထန်းထုံ၊ မသက်မွန်အေး(ခ)မလိန်းထန်းပိုင်၊ ဒေါက်တာငြိမ်းအိဖြိုး(ခ) မလိန်းထန်းအွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ နန်းဟေသီစံ၊ နန်းဆွေခိုင်ထက်တို့၏ ချစ်လှစွာသော အဘိုး၊ တူ၊ တူမ ၁၁ယောက်တို့၏ ချစ်လှစွာသော ဘကြီး ဦးရှိန်းလိန်းထန်း(ခ)ဦးဖေကျော်ထင်သည် ၅-၅ -၂၀၂၃ရက် နံနက် ၁၁:၂၇ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညိုးငယ်သောစိတ်ထားဖြင့် ဝမ်းနည်းစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးတင်နု
## အသက်(၆၄)နှစ်

သန်လျင်မြို့နေ (ဦးလှမောင်-ဒေါ်ခင်တင့်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးမြသောင်း-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါ်မေရီဝင်း(ခ) ဒေါ်ရွှေမိ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်ဝါဝါသင်းနု၊ ဦးဇော်ထွန်းလင်း-ဒေါ်ဇာဇာသင်းနု၊ ဦးဝေဖြိုးသန့်-ဒေါ်ကျော့ကျော့လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မလဝန်းအိမ်၊ မဘုန်းမယ်ဘွဲ့၊ မောင်အဂ္ဂမင်းသွေး၊ မောင်ဂုဏ်ရှိန်လင်းသန့်၊ မမေမြတ်ဘုန်းသန့်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၅-၅-၂၀၂၃ (သောကြာနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၅-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၀)၊ ခရေပင်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရေချွေတာရေး နည်းလမ်းများ
- သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၆-၅-၂၀၂၃ (ည ၁၀ နာရီ ၂၁ မိနစ်)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကမ္ဘောဒီးယား | ၁၈ | ၁၁ | ၁၁ | ၄၀ |
| ၂။ | အင်ဒိုနီးရှား | ၈ | ၇ | ၁၁ | ၂၆ |
| ၃။ | ထိုင်း | ၇ | ၁၀ | ၁၅ | ၃၂ |
| ၄။ | ဖိလစ်ပိုင် | ၇ | ၈ | ၁၄ | ၂၉ |
| ၅။ | ဗီယက်နမ် | ၆ | ၁၁ | ၁၆ | ၃၃ |
| ၆။ | စင်ကာပူ | ၅ | ၂ | ၃ | ၁၀ |
| ၇။ | မြန်မာ | ၃ | ၁ | ၁၀ | ၁၄ |
| ၈။ | လာအို | ၂ | ၃ | ၇ | ၁၂ |
| ၉။ | မလေးရှား | ၁ | ၂ | ၈ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၀ | ၀ | ၁ | ၁ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

## ဆီးဂိမ်း ပီတန်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်ချယ်ရီသက် ရွှေတံဆိပ်ဆု ဆွတ်ခူး

ရန်ကုန် မေ ၆

(၃၂)ကြိမ်မြောက် ဆီးဂိမ်း ပီတန်းပြိုင်ပွဲ ပထမနေ့ကို မေ ၆ ရက်က စတင်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပီတန်းကစားသမား ခင်ချယ်ရီသက် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် စုစုပေါင်း ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမအဆင့်တွင် အမှတ်အများဆုံးရရှိသည့် ထိုင်းနှင့် ဗီယက်နမ်ကစားသမားများ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရပြီး ကျန်ကစားသမား ခြောက်ဦးမှာ ဒုတိယအဆင့် ထပ်မံယှဉ်ပြိုင်ခဲ့ရသည်။ ခင်ချယ်ရီသက်သည် စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖



ရွှေတံဆိပ်ဆုရ ခင်ချယ်ရီသက် ယှဉ်ပြိုင်နေစဉ်။

## ONE Fight Night-10 ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲတွင် အောင်လအန်ဆန် အနိုင်ရ

ရန်ကုန် မေ ၆

ONE Fight Night-10 ပြိုင်ပွဲကို မြန်မာစံတော်ချိန် မေ ၆ ရက် နံနက်အစောပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပရာ မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲတွင် အောင်လအန်ဆန် အနိုင်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် တွဲဆိုင်း ၁၁ ပွဲ ထည့်သွင်းကျင်းပခဲ့ပြီး မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် တရုတ်နိုင်ငံသား ဖန်ယုံတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ အောင်လအန်ဆန်သည် ဖန်ယုံကို ဒုတိယအချီ ၄၈ စက္ကန့်တွင် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဖန်ယုံသည် စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ✰




**ယနေ့ ဖတ်စရာ**

**မြန်မာပိုဗီနမ်အားကစားအဖွဲ့ ရွှေနှစ်ခု ကြေးလေးခု စတင်ဆွတ်ခူး**

စာမျက်နှာ » ၁၃



**ဗြိတိန်ဘုရင် ချားလ်စ် နန်းတက်ပွဲ ကျင်းပ**

စာမျက်နှာ » ၂၀